# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့ (ရတနာ ခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာ ရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ် သော ဤခန္ဓာငါးပါး တည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့ သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့ အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ သောကြာနေ့။ Friday 29 November 2019 ၉၈၄၈


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူအတည်ပြု



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် **တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ် အပါအဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေး ပူးပေါင်း ကော်မတီ၏ အစီရင်ခံစာ**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဆွေးနွေး**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်ခင်ငြိမ်းချမ်း**က တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ် အပါအဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက ဥပဒေနှင့်အညီ လက်မှတ်ရေးထိုးတင်ပြထားသည့် ဥပဒေမူကြမ်းကို ၄၅ ဦး ကော်မတီထဲသို့ထည့်သွင်းဆောင်ရွက်စေခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိပါကြောင်း၊ ယခုပြင်ဆင်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအား ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်**က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အတွင်းမှ ပုဒ်မအချို့ကို ပြင်ဆင်ရန်တင်ပြ၍ ယခုကဲ့သို့ ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ညီညွတ်စွာဆောင်ရွက်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



ကြေးမုံ ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာရေး စနစ်အပေါ် သုံးသပ်ထားသည့် အစီရင်ခံစာ စတင်မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ စာမျက်နှာ » ၅

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

ဒါရိုက်တာ အေဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း ဆောင်းပါး စာမျက်နှာ » ၆



ကမ္ဘာမြေ လေ့လာရေး ဂြိုဟ်တုအသစ် တစ်ရတ် အောင်မြင်စွာ လွှတ်တင် စာမျက်နှာ » ၁၃



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၆၂/၂၀၁၉) ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၆၂/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်း ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပူးပေါင်းကော်မတီအနေဖြင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီတွင် ပါဝင်သည့် နိုင်ငံရေးပါတီ၊ အစုအဖွဲ့အသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့မှ တင်ပြခဲ့သည့် အခန်းလိုက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် အကြံပြုချက်များအပေါ် ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲရန် ဆန္ဒပြုမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ နိဒါန်းအပါအဝင် အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ အခန်း(၃) နိုင်ငံတော်အကြီးအကဲ၊ အခန်း(၄) ဥပဒေပြုရေးနှင့် အခန်း(၅) အုပ်ချုပ်ရေးအခန်းများအပေါ်တွင် ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် အစည်းအဝေး၌ အခန်း(၆) ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပူးပေါင်းကော်မတီ အစည်းအဝေးများကို လွှတ်တော်ကျင်းပစဉ်ကာလ၌ အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနေ့များတွင်လည်းကောင်း၊ လွှတ်တော် အစည်းအဝေး ရပ်နားစဉ်ကာလများ၌ အစည်းအဝေးရပ်နားပြီးနောက် ၁၀ ရက်နှင့် နောက်တစ်ကြိမ် ပုံမှန်အစည်းအဝေး မစတင်မီ ရှေ့ ၁၀ ရက်တို့တွင် လည်းကောင်း ဆက်တိုက်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း Colors Rainbow အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် Colors Rainbow အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင် အမှတ် (I-2) အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တန်းတူညီမျှရေး အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်း ရေးနှင့် ရာဇသတ်ကြီးဥပဒေပါ ပြဋ္ဌာန်းချက် အချို့နှင့်စပ်လျဉ်းပြီး ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြ သည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၁,၅၀၀ | ၁,၁၃၆ | ၁၃,၅၇၃,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၀၀ | ၄,၂၂၄ | ၁၆,၅၆၁,၉၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁၄၉ | ၁,၂၃၆,၅၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၀ | ၀ |
| TMH | ၂,၉၅၀ | ၂,၉၀၀ | ၁၇၂ | ၅၀၄,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရန်ကုန်(ရွှေဈေး) ၁၁၇၁၀၀၀ မန္တလေး(ရွှေဈေး) ၁၁၇၁၀၀၀

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၇၀ ကျပ် | ၉၇၀/၉၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၉၅ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၈၅ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၂၄ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၁.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၅.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄.၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၉၉၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၂.၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၄၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၁.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၂၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၂.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၆.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

## ကြေးမုံ

## ဂန္ထဝင်မြောက် ယဉ်ကျေးမှုအစဉ်အလာ

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့သည် စာဆိုတော်နေ့ဖြစ်သည်။ စာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် စစ်အတွင်းကာလ ဒီးဒုတ်ဦးဘချို၊ သူကြီးဂေဇက် ဦးခင်မောင်၊ ဦးသိန်းဟန်၊ ဦးကောင်း၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဇဝန စသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာပညာရှင်တို့က ညှိနှိုင်းသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

စာဆိုတော်နေ့ကို စာရေးဆရာအသင်းဖွဲ့စည်းပြီးနောက် လေးနှစ်ကြာမှ သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ခရစ်နှစ် ၁၉၃၉ ခုနှစ် မတိုင်မီက စာရေးဆရာအသင်းဟူ၍ မရှိသေးဘဲ စာရေးဆရာအချို့နှင့် ဖွဲ့စည်းထားသော ကလောင်အဖွဲ့လေးတစ်ခုသာရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီးအိပ်ဂျီ၊ ဝဲ မြန်မာနိုင်ငံသို့လာရောက်သည့်အခါ စာရေးဆရာများ စုပေါင်းညှော်ခံသောပွဲနှင့် စာရေးဆရာကြီးပီမိုးနင်းကွယ်လွန်သည်ကို အကြောင်းပြု၍ စာရေးဆရာများစုစည်းမိကြရာမှ ဒီးဒုတ်ဦးဘချိုခေါင်းဆောင်၍ စာရေးဆရာအသင်းကို ဖွဲ့စည်းဖြစ်သည်။

စာရေးဆရာအသင်းက ကြီးမှူးသည့် ပထမဆုံးစာဆိုတော်နေ့တွင် သက်ကြီးဝါကြီး စာရေးဆရာကြီးများအား ကန်တော့ခြင်း၊ စာပေပြိုင်ပွဲ၊ ဟောပြောပွဲများကို ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်တွင် ပထမဆုံးကျင်းပပြုလုပ်လာကြရာ ယခုအခါ နှစ်ပေါင်း ၇၅ နှစ် ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘာသာသာသနာ၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး၊ စာပေယဉ်ကျေးမှု အသိပညာအဖြာဖြာ တိုးတက်ဖွံ့ဖြိုးအောင် ခေတ်အဆက်ဆက် ကလောင်ကိုင်စွဲပြီး ပါဝင်ကြိုးပမ်းခဲ့ကြသည့် စာပေပညာရှင်စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးများကို ဂုဏ်ပြုအသိအမှတ်ပြုရမည်ဖြစ်သည်။

ယင်းအစဉ်အလာသည် ဂန္ထဝင်မြောက် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ တစ်ရပ်အဖြစ် တည်ရှိနေသည်။ ၂၀၁၉ ခုနှစ် စာဆိုတော်နေ့သည် ထူးခြားမှု အသွင်ဆောင်ပေသည်။ ၂၀၁၈ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားစာပေဆုရရှိကြသူများ၊ စာပေဗိမာန်စာမူဆုရရှိကြသူများအား နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုချီးမြှောက်ခဲ့ကြပေသည်။ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက-

"စာကောင်းပေမွန်များသည် ရတနာထက် ပိုမိုတန်ဖိုးရှိပြီး ပညာဗဟုသုတနှင့် ဉာဏ်အမြော်အမြင်တို့၏ ပင်မအရင်းအမြစ်ဖြစ်သလို ယင်းအကြားအမြင်ဗဟုသုတတို့သည်ပင်လျှင် ဘဝအတွက် ခွန်အားများဖြစ်ပါကြောင်း၊ ဘဝခရီးတွင် အကြားအမြင်ဗဟုသုတမရှိဘဲ လုံ့လစိုက်ထုတ်နေခြင်းသည် အလင်းရောင်မပါဘဲ လျှောက်လှမ်းနေခြင်းသာဖြစ်ပါကြောင်း၊ စာဖတ်ခြင်းသည်လည်း ဘဝအတွက် အတွေ့အကြုံများ၊ သင်ခန်းစာများကို လေ့လာသင်ယူနေခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံများ၊ သင်ခန်းစာများကို ရယူကျင့်သုံးတတ်ပါက စာဖတ်သူများအတွက် ဘဝ၏ လမ်းပြမြေပုံကောင်းတစ်ခုဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ပြောကြားသကဲ့သို့ စာဖတ်ခြင်းသည် အသိပညာရစေပြီး လက်တွေ့လိုက်နာကျင့်သုံးခြင်းသည် အတတ်ပညာကို ဖြစ်စေပါသည်။ ထိုအသိပညာနှင့် အတတ်ပညာတို့ကို ဟန်ချက်ညီစွာ အသုံးပြုပြီး မိမိတို့၏ဘဝခရီးကို မယိုင်မလဲ ခိုင်မြဲအောင် လျှောက်လှမ်းနိုင်ပါသည်။ စာဖတ်ခြင်း၏အကျိုးရလဒ်သည် ကြီးမားလှသည်ဖြစ်သော်လည်း ပြောင်းလဲတိုးတက်လာသော ခေတ်ကာလအခြေအနေအရ စာဖတ်သည့် အလေ့အထ အားနည်းလာသည်ကို တွေ့ရသည်။ စာမဖတ်ခြင်းဖြင့် ဦးနှောက်အာဟာရချို့တဲ့စေပါသည်။ ကမ္ဘာလောက၊ လူမှုပတ်ဝန်းကျင်နှင့် အဆက်ပြတ်စေပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း စာကောင်းပေမွန်များကို ဖတ်ရှုလာသည်နှင့်အမျှ မြန်မာ့လူ့အဖွဲ့အစည်း၏တန်ဖိုး မြင့်မားတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ ရှေးမြန်မာစာဆိုအကျော် စာပေပညာရှင်ကြီးများက မျိုးစေ့ချထားပေးခဲ့သည့် ဂန္ထဝင်မြောက် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းကို ဆက်လက်မြှင့်တင်ရင်း ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ ဖွံ့ဖြိုးတိုးတက်အောင် စာပေအာဟာရ တိုက်ကျွေးကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၊၁၂၃/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

**အမိန့်အမှတ်၊ ၄၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာလ ၂၈ ရက်)

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

**အမိန့်အမှတ်၊ ၄၈/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်ဝါဝါထွန်းကို ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

**အမိန့်အမှတ်၊ ၄၇/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ဒုတိယဝန်ကြီးများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(၂) ဦးဆက်အောင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(၃) ဒေါက်တာ မင်းရဲပိုင်ဟိန်း
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၈

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၉ | ဒီဂရီစင်တီဂရိတ် |


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်


ဥပဒေကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး


တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်ခင်ငြိမ်းချမ်း

○ ရှေ့ဖုံးမှ
ပူးပေါင်းကော်မတီ၏ ပြင်ဆင်ခြင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် မိမိတို့၏ နောင်မျိုးဆက်များကို ကောင်းမွန်သည့်အမွေများပေးနိုင်ရန် သေအတူ ရှင်အတူ စိတ်ဓာတ်မွေးမြူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်**က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လွှတ်တော်ကိုယ်စားလှယ် ၄ ဦးတို့က ပြင်ဆင်ရန်တင်သွင်းခဲ့သည့် ဥပဒေမူကြမ်းအချို့ဖြင့် ပြည့်စုံလုံလောက်သည့် နိုင်ငံတော်ကို တည်ဆောက်၍မရပါကြောင်း၊ ထို့ကြောင့် အုတ်မြစ်ခိုင်မာပြီး အစွန့်ရှည်စွာတည်တံ့မည့် ပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီအသိုက်အအုံကြီးကို ပူးပေါင်းတည်ဆောက်ကြပါဟု တိုက်တွန်းလိုပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါအတိုင်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

### အစီရင်ခံစာအပေါ် ဆက်လက်ဆွေးနွေး

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲစိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန့်ဇင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သွင်စိုး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဖွဲ့နေဇော်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချိုတို့က ဆက်လက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **လွှတ်တော်အစည်းအဝေးဆိုင်ရာကိစ္စရပ်များ**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြရာတွင် ယခုရက်ပိုင်းအတွင်း လွှတ်တော်အစည်းအဝေးတွင် တွေ့ရှိရသည့်အခြေအနေအချို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးပြောကြားလိုပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်နာယကအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသုံးပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းညှိနှိုင်းပြီး အတတ်နိုင်ဆုံး ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်ကို ဦးစွာ ပြောကြားလိုပါကြောင်း။

မိမိသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တာဝန်ပေးအပ်ခြင်းခံခဲ့ရပါကြောင်း၊ လက်ရှိသက်တမ်းတွင်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တာဝန်ပေးအပ်မှုအရ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို ဥပဒေနှင့်အညီ ထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းခံရပြီးမှ ယခုကဲ့သို့ တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊နာယကအနေဖြင့် သက်ဆိုင်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ သက်ဆိုင်ရာလွှတ်တော်အဖွဲ့အစည်းများ၏ လုပ်ငန်းများကိုလည်း ဥပဒေ၊ နည်းဥပဒေဘောင်အတွင်းမှ အချိန်အခါနှင့်အညီ အောင်မြင်ပြီးစီးအောင် ကြပ်မတ်တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

### တာဝန်များ များပြားကြီးမား

လွှတ်တော်နာယက၏တာဝန်နှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ တာဝန်များသည် သူ့အတိုင်းအတာနှင့်သူ များပြားကြီးမားလှပါကြောင်း၊ သို့သော် ထပ်တူမဖြစ်သည့်အတွက် နာယက၏တာဝန်နှင့် လုပ်ဆောင်မှုအပေါ် နားမလည်နိုင်ခြင်း၊ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၏ဆန္ဒအတိုင်း မလုပ်ပေးနိုင်၍ သဘောမကျခြင်းရှိနိုင်ပါကြောင်း၊ ယင်းမှာလည်း အတိုင်းအတာရှိပါကြောင်း၊ နာယက၏ တာဝန်ကျေပွန်အောင် မဆောင်ရွက်နိုင်ပါက တာဝန်ရုပ်သိမ်းနိုင်သည့်ဥပဒေ၊ နည်းဥပဒေများသတ်မှတ်ထားပြီးဖြစ်သကဲ့သို့ မိမိ၏ တာဝန်ရှိမှုအပိုင်းကိုလည်း ကောင်းစွာသိရှိနားလည်ပါကြောင်းကို အသိပေးလိုပါကြောင်း။

ဆွေးနွေးချက်အချို့တွင် လွှတ်တော်ကဆုံးဖြတ်အတည်ပြုပြီးသည့် ကိစ္စတစ်ခုကို ဥပဒေနှင့် ညီသည်၊ မညီဟု ပြောကြပါကြောင်း၊ တစ်ဦးတစ်ဖွဲ့၏ ပြောကြားချက်ဖြင့် သတ်မှတ်၍မရသည့် ကိစ္စဖြစ်ပါကြောင်း၊ မညီဟုယူဆပါက လုပ်ဆောင်နိုင်သည့်သတ်မှတ်ပြဋ္ဌာန်းချက်များရှိပါကြောင်း၊ ပြော၍ရတိုင်း ပြော၍မသင့်သည့် ပြော၍မကောင်းသည့် အသုံးအနှုန်းများအတွက် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများရှိပါကြောင်း၊ တစ်ဦးချင်း လိုက်နာစောင့်ထိန်းကြရန်လိုပါကြောင်း၊ လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်ကို မှန်မှန်ကန်ကန် စည်းကမ်းရှိရှိအသုံးချပြီး တာဝန်များကိုကျေပွန်ကြရန် တိုက်တွန်းလိုပါကြောင်း။

### ဂုဏ်သိက္ခာနှင့်အညီ ပြုမူပြောဆို

လွှတ်တော်အစည်းအဝေးအတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အပြန်အလှန်လေးစားမှုထားပြီး လွှတ်တော်နှင့် တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့်အညီ ပြုမူပြောဆိုဆောင်ရွက်စေလိုပါကြောင်း၊ ဆွေးနွေးချက်များတွင်လည်း အပြုသဘောဆောင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူပြုရေးရှုသည့် အသုံးအနှုန်းအပြုအမူများဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉ တွင်ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များလိုက်နာရမည့် စည်းကမ်းချက်များနှင့် ညီညွတ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်ဟုဆိုပါက လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်ပါကြောင်း။ **စာမျက်နှာ ၄ သို့** »»

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

INTERNATIONAL DAY OF PERSONS WITH DISABILITIES

"The Future is Accessible"

"အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်းလူ့အခွင့်အရေးဖော်ဆောင်စို့"

နေပြည်တော် ၃.၁၂.၂၀၁၉

ရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(လေးမျက်နှာမြို့)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၊ ၃)ရက်၊( တနင်္လာ ၊ အင်္ဂါ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ဒုဌဝတီဆောင်ခန်းမ ၊ အ.ထ.က ၊ လေးမျက်နှာမြို့။

»»» **စာမျက်နှာ ၃ မှ**

လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးကြသည့်အခါတွင် အစီရင်ခံစာပါ အကြောင်းအရာများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ ဆွေးနွေးကြပြီးပါတီ၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခု၊ တိုင်းရင်းသားလူမျိုးစုတစ်ခုခု၊ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို ထိခိုက်နစ်နာမှုရှိသည့် အသုံးအနှုန်းများဖြင့် ပြောဆိုဆွေးနွေးမှု မဖြစ်စေရေး သတိပြုကြစေလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွင်ပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း အပြည့်အဝအသုံးပြုနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီသည့် ကျင့်ဝတ်စည်းကမ်းများကိုလည်း အလေးထား လိုက်နာပြီး သတ်မှတ်ချက်များနှင့်အညီ ဆွေးနွေးကြရန် မှာကြားလိုပါကြောင်း။

**စိစစ်တွေ့ရှိ**

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဗိုလ်မှူးချုပ်မောင်မောင်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး ဆွေးနွေးခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အချို့၏ ဆွေးနွေးချက်များသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများ၊ လွှတ်တော်အစည်းအဝေးတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း၊ လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာကို ထိပါးစေပြီး လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသည့် ပြောဆိုဆွေးနွေးမှုများပါဝင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(စ)တွင် လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဟု ပြဋ္ဌာန်းထားသဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် တည်ဆဲဥပဒေပါ ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထက်ပါဖတ်ကြားတင်ပြခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် (၅)ဦး၏ ဆွေးနွေးချက်အချို့သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉ နည်းဥပဒေခွဲ (င) (စ) (ဋ) (ဌ)ပါ လွှတ်တော်အစည်းအဝေးတွင် လိုက်နာရမည့် စည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ ဆွေးနွေးခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ (ဂ) နည်းဥပဒေခွဲငယ် (၅) အရ ဖောက်ဖျက်ကျူးလွန်သည့် စကားရပ်များကို လွှတ်တော်မှတ်တမ်းမှ နုတ်ပယ်မည်ဖြစ်ကြောင်း ကြေညာသည်။

**မှတ်တမ်းတင်ကြောင်းကြေညာ**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းနှင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်** စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက မိမိအနေဖြင့် ရှင်းလင်းတင်ပြလိုသည့် အချက်(၄)ချက် ရှိပါကြောင်း၊ ပထမဆုံးအချက်အနေဖြင့် ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ဖြစ်သည့် ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်တွင် ဝက်လက်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်သူရဦးအေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးအတွက် အရေးကြီးအဆိုတစ်ခုကို လွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း။

ယင်းအဆိုကို လွှတ်တော်ကအတည်ပြုခဲ့သည့်အတွက် ၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃)ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီကို အဖွဲ့ဝင် (၁၀၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂၀/ ၂၀၁၄) ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီကို အဖွဲ့ဝင် (၃၁)ဦးဖြင့် ဖွဲ့စည်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သည်မှာ သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုများကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် မညီညွတ်ဟု ကန့်ကွက်မှုမရှိခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် တင်ပြလိုသည်မှာ ယခုဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉)ဖြင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ယူပေးအပ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီကလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းလာမည့် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို လွှတ်တော်သို့ လက်ရှိတင်သွင်းထားသည့် ဥပဒေမူကြမ်းများနှင့်တစ်ပြိုင်တည်း ယှဉ်တွဲပြီး လေ့လာစိစစ်သုံးသပ်ရန် မိမိတို့ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဝင်အများစုက ဆန္ဒပြုဆုံးဖြတ်ခဲ့ကြခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲပြီး လွှတ်တော်သို့တင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ရေးပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့သည့်အမိန့်ကြော်ငြာစာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်များကို တိတိလင်းလင်း သတ်မှတ်ဖော်ပြထား၍ ဖြစ်ပါကြောင်း။

**ဥပဒေမူကြမ်းများကို အပြိုင်တင်သွင်း**

တတိယအချက်အနေဖြင့် တင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းများကို ဆက်တိုက်ကဲ့သို့ တင်သွင်းလာသည့်အခါတွင် ထပ်တူနီးပါး တူညီသည့်ဥပဒေမူကြမ်းများကို အပြိုင်တင်သွင်းလာသည့် သဘောသက်ရောက်နေပါကြောင်း၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းများကို အပြိုင်တင်သွင်းလာသည့်အခါ မည်သို့ဆောင်ရွက်ရမည်ဆိုသည့် တိကျသည့်ပြဋ္ဌာန်းချက်မျိုးမပါရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ပ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း "ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများပေါ်ပေါက်လာလျှင် သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခြင်း"ဆိုသည့် ပြဋ္ဌာန်းချက်အရ နာယက ကတစ်ဆင့် လွှတ်တော်သို့ မိမိတို့ပူးပေါင်းကော်မတီအနေဖြင့် အစီရင်ခံတင်ပြခဲ့ရခြင်းဖြစ်ပါကြောင်း။

ယင်းသို့အစီရင်ခံတင်ပြသည့် နေရာတွင်လည်းလွှတ်တော်က အဆုံးအဖြတ်ပြုပြီးသည့် ကိစ္စရပ်တစ်ခုအပေါ်တွင် ထပ်မံဆွေးနွေးဆောင်ရွက်ခြင်း မပြုရဆိုသည့် ကန့်သတ်ချက်ရှိသော်လည်း ပြင်ဆင်သည့်ဥပဒေကြမ်းများ အပြိုင်တင်သွင်းလာသည့်အတွက် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီအနေဖြင့် မည်သို့ဆောင်ရွက်သင့်သည်ကို လွှတ်တော်ကအဆုံးအဖြတ်ပြုပေးနိုင်ရန် တင်ပြခဲ့ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏တင်ပြချက်အပေါ်တွင်လည်း လွှတ်တော်က အဆုံးအဖြတ်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

စတုတ္ထအချက်အဖြစ် နောက်ဆုံးတင်ပြလိုသည်မှာ မိမိတို့လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဝင်အများစု၏ ဆုံးဖြတ်ချက်ဖြစ်သည့် ပြင်ဆင်ရေးပူးပေါင်းကော်မတီကတင်သွင်းလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံးအပေါ် သုံးသပ်လေ့လာသည့် ပြင်ဆင်ချက်များပါရှိလာမည့် ဥပဒေမူကြမ်း၊ ယခုလွှတ်တော်သို့ ပုဒ်မ၊ ပုဒ်မခွဲအချို့သာ ပြင်ဆင်ဆောင်ရွက်ရန် တင်သွင်းလာသည့် ဥပဒေမူကြမ်းများနှင့်တစ်ပြိုင်တည်း ယှဉ်တွဲလေ့လာစိစစ်မှသာလျှင် စနစ်ကျနသည့် လေ့လာစိစစ်မှုမျိုးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

**မူလဥပဒေကြီးတစ်ခုဖြစ်**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်ခု၏ ပင်မအသက်သွေးကြော၊ အလွန်အရေးကြီးသည့် အမှားအယွင်းအတိမ်းအစောင်းခံ၍မရသည့် မူလဥပဒေကြီးတစ်ခုဖြစ်သည့်အတွက် နိဒါန်းမှနောက်ဆက်တွဲဇယားများအထိ ချိတ်ဆက်နေသည့် ဥပဒေကြီးတစ်ခုလုံးအပေါ်တွင် တိကျသေချာသည့် လေ့လာစိစစ်မှုများကို ဆောင်ရွက်နိုင်ရန်လိုပါကြောင်း၊ ဥပဒေမူကြမ်းတစ်ခုချင်းတစ်ခုချင်း သုံးသပ်ဆောင်ရွက်နေမည်ဆိုပါက အစီအစဉ်ကျနမှုမရှိသည့် လေ့လာစိစစ်ခြင်းမျိုးသာဖြစ်နေသည့်အတွက် မိမိတို့လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီသည် လွှတ်တော်က အပ်နှင်းထားသည့်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်သို့တင်ပြထားသည့် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အတိုင်းသာ လွှတ်တော်က သဘောတူ လက်ခံဆုံးဖြတ်အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးက ဆွေးနွေးခဲ့ရာတွင် တစ်ဦးချင်းအလိုက် အမျိုးမျိုးသော ကိုးကားချက်၊ ထောက်ပြချက်၊ အကြံပြုချက်၊ ထင်မြင်ယူဆချက်များကို အသုံးအနှုန်းမျိုးစုံဖြင့် ဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အသုံးပြု ဆွေးနွေးခဲ့ကြသကဲ့သို့ လွှတ်တော်နာယကတစ်ဦးအနေဖြင့်လည်း ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး လွှတ်တော်၏လုပ်ငန်းတာဝန်တစ်ခုချင်းစီကို အတတ်နိုင်ဆုံး ပြီးဆုံးကျေပွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လွှတ်တော်၏အဆုံးအဖြတ်**

ယင်းသို့ဆောင်ရွက်သည့်နေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ညီခြင်း၊ မညီခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့သည် နာယကတစ်ဦးတစ်ယောက်၏ ဆောင်ရွက်ချက်မဟုတ်ဘဲ လွှတ်တော်၏ အဆုံးအဖြတ်သာဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များတွင် အကြောင်းအရာနှင့် လုပ်ငန်းစဉ်အပေါ် မူတည်၍ ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆုံးအဖြတ်ရယူခြင်းဆိုသည့် သတ်မှတ်ချက်များကို တွေ့ရှိနိုင်ပါကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူအတည်ပြုချက်ရယူရမည့် ကိစ္စရပ်များ၊ မဲခွဲဆုံးဖြတ်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြောကြားလိုပါကြောင်း၊ ထို့ကြောင့် အဆိုပါပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထောက်ခံဆန္ဒမဲများပါက ယင်းအစီရင်ခံစာကိုလွှတ်တော်က သဘောတူအတည်ပြုမည်ဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အတည်မပြုကြောင်း ကြေညာမည်ဖြစ်ပါကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ အတည်ပြုရန်စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၆၂ မဲ၊ ကန့်ကွက်မဲ ၁၉၂ မဲ၊ ကြားနေမဲမရှိဖြစ်သဖြင့် ထောက်ခံဆန္ဒမဲများသောကြောင့် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တိုက်ပွဲရှောင်ပြည်သူများအတွက် ကရင်နှင့် မွန်ပြည်နယ်အတွင်း ဆောင်ရွက်နေသော ဘက်စုံဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အဆောက်အဦများပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

တိုက်ပွဲရှောင်ပြည်သူများအတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အဆောက်အဦများပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်ရှိ ဒူးပလာယာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ မာရုယာမ အိချိရောနှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါတို့က အမှာစကား ပြောကြားကြသည်။

**လက်ခံရယူ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လေးကေ့ကော်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသော ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် တာဝန်ရှိသူများက တိုက်ပွဲရှောင်ပြည်သူများအတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အဆောက်အဦများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းနှင့် ငြိမ်းချမ်းရေးအထိမ်းအမှတ်



ချိုးငှက်များလွှတ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

လေးကေ့ကော်မြို့သစ်သည် နိုင်ငံတော်အစိုးရနှင့် ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးတို့၏ NCA စာချုပ်ချုပ်ဆိုမှုနောက်ပိုင်းတွင် ပြုလုပ်သော ပြန်လည်နေရာချထားရေးအစီအစဉ်အရ ပြည်တွင်းစစ်ဘေးရှောင်ပြည်သူများ၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ မိမိဆန္ဒအလျောက် နေရပ်ပြန်ပြည်သူများ၊ ကေအင်န်ယူ တပ်ဖွဲ့ဝင်မိသားစုများ၊ ထိုင်းနိုင်ငံမှ ပြန်လာကြသော ရွှေ့ပြောင်းအလုပ်သမားမိသားစု များအတွက် ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကရင်ပြည်နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ငွေကျပ် ၂၁ ဒသမ ၀၈၂ ဘီလီယံ ကျခံသုံးစွဲဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများအနက် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်ကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ လမ်းတံတားလုပ်ငန်းများအပါအဝင် အခြေခံအဆောက်အဦများကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ရန်ပုံငွေကျပ် ၁၈၉၁ ဒသမ ၂၁၆ သန်း သုံးစွဲခဲ့ပြီး နေအိမ်အလုံး ၂၀၀ နှင့် အဆိုပါ နေအိမ်များအတွက် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နီပေါသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဘင်းကေအူးဒက်စ်အား ယမန်နေ့မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ပြည်ဝင်ဗီဇာလွယ်ကူစေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှုများ၊ မြန်မာနိုင်ငံသားများ နီပေါနိုင်ငံရှိ ဗုဒ္ဓဂယာဘုရားဖူးသွားရောက်မှုနှင့် နီပေါနိုင်ငံမှ ဘုရားဖူးလာရောက်သူများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နီပေါနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကို e- Visa ဖြင့် ကမ္ဘာလှည့်ဗီဇာခွင့်ပြုဆောင်ရွက်ပေးနေမှုနှင့် ဆိုက်ရောက်ဗီဇာဖြင့် နီပေါနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၅ နိုင်ငံကို လုပ်ငန်းဗီဇာခွင့်ပြုဆောင်ရွက်ပေးနေမှုများ၊ နီပေါနိုင်ငံသားကမ္ဘာလှည့်ခရီးသွားများကို မြန်မာနိုင်ငံမှ ဆိုက်ရောက်ဗီဇာခွင့်ပြုနိုင်ရေးအတွက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားရေးရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာရေးစနစ်အပေါ် သုံးသပ်ထားသည့် အစီရင်ခံစာ စတင်မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေးပညာရေးစနစ်အပေါ် သုံးသပ်ထားသည့် အစီရင်ခံစာ စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက GIZ ၏ ကူညီထောက်ပံ့မှု၊ UNESCO ၏ နည်းပညာထောက်ပံ့မှုများနှင့်အတူ ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏ နည်းပညာသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအပေါ် လေ့လာသုံးသပ်မှုအစီရင်ခံစာ Myanmar TEVT System Review Report မှတစ်ဆင့် လာမည့် NESP (၂၀၂၁-၂၀၃၀)တွင် မြန်မာနိုင်ငံ၏ TVET ကဏ္ဍနှင့် စပ်လျဉ်း၍ ထည့်သွင်းဆောင်ရွက်နိုင်မည့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

**တိုက်တွန်းပြောကြား**

TVET ကဏ္ဍတွင် ဒေသအကျိုးပြုကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားသော သင်တန်းဆရာများ ခန့်ထားရန် စီစဉ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြု၍ ဆန်းသစ်တီထွင်မှုများ အားပေးပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ဟန်ချက်ညီသောဖွံ့ဖြိုးမှုစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် အားလုံးအတူ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် GIZ ၏ Head of TVET Project ဖြစ်သူ Mr.Eiko Kauffmann က ရှင်းလင်းပြောကြားသည်။

ယင်းနောက် UNESCO Myanmar ၏ Head of Office ဖြစ်သူ Ms. Min Jeong Kim က Myanmar TEVT System Review အစီရင်ခံစာ စာအုပ်ပြုစုရေးသားခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။





ထို့နောက် GIZ နှင့် UNESCO Myanmar တို့၏ တာဝန်ရှိသူများက Myanmar TEVT System Review အစီရင်ခံစာစာအုပ်အား ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ Myanmar TEVT System Review တွင်ပါရှိသည့် ဦးစားပေးဆောင်ရွက်ရမည့် မဟာဗျူဟာများ၊ မူဝါဒများအား ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးဖလှယ်ခြင်းနှင့် မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆွေးနွေးတင်ပြကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီများမှ ဥက္ကဋ္ဌများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် (NEPC)၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ(NCC)နှင့် ပါမောက္ခချုပ်များကော်မတီ၊ အမျိုးသားအဆင့် တရားဝင်အသိအမှတ်ပြုမှုနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းကော်မတီ(NAQAC)တို့မှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာအေဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း

(နိုဝင်ဘာ ၂၅ ရက်မှ အဆက်)

**ဦးတင်ယု** ။ ။ချစ်ရေစင်ကျတော့ လက်ထောက်ဒါရိုက်တာဖြစ်ပြီ။

**ကြည်စိုးထွန်း** ။ ။ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။အဲဒီအချိန် ကျောင်းထွက်ပြီ၊ ဦးတင်မောင်က ပြောတယ်၊ မင်း ကျောင်းလည်း မှန်မှန်မတက်ဘူး၊ သွားတာမဟုတ်ဘူး၊ ထွက်တော့ကွာ၊ ငါနဲ့အတူတူလုပ်မယ်ဆိုပြီးတော့။

**ကြည်စိုးထွန်း** ။ ။ဆရာ ဆက်မတက်တော့ဘူးပေါ့၊ ဘွဲ့တွေ ဘာတွေလည်း မယူတော့ဘူး။ ဆရာ ၂၁ နှစ်သားပဲ ရှိသေးတာပဲနော် ချစ်ရေစင်ဆို။

**ဦးတင်ယု** ။ ။၄၁ အဲဒီကျတော့ ဒါရိုက်တာဖြစ်ပြီ။

**ကြည်စိုးထွန်း** ။ ။ဩော် အဲဒါ ၂၁ နှစ်သားပဲရှိသေးတယ်။

**ဦးတင်ယု** ။ ။အသံတိတ် ရွှေဒေါင်းတောင်။

**ကြည်စိုးထွန်း** ။ ။နာမည်ကြီးပဲ ဆရာ၊ ရွှေဒေါင်းတောင်ဆိုတာ၊ ဆရာသုခရဲ့ ဝတ္ထုထင်ပါရဲ့။

**ဦးတင်ယု** ။ ။ဇာတ်ညွှန်းကတော့ ဦးတင်မောင်ထင်တာပဲ။ များသောအားဖြင့် အေဝမ်းက တစ်ယောက်ရိုက်ရင် အကုန်ရိုက်တာ များတယ်။ ကျွန်တော်ဆိုလည်း ဖာတစ်လုံးခေါင်းကျား တချို့အခန်းတွေ ကျွန်တော် ကင်မရာဝင်ကိုင်တယ်။ ဦးတင်မောင် တချို့အခန်းတွေ ဝင်ကူပြီးရိုက်ပေးတယ်။

**ကြည်စိုးထွန်း** ။ ။ဩော် စု-စုပြီးတော့ လုပ်ကြတဲ့သဘောပေါ့၊ ဟုတ်ကဲ့ ဆရာ။ နာမည်ကတော့ တစ်ယောက်၊ ဦးဘရှင် တပ်ချင်တပ်မယ်။ ဆရာတို့ကတော့ ကင်မရာအနေအထား (Director of Photography) သဘောမျိုးပေါ့၊ လိုက်လုပ်ပေးတာ။

**ဦးတင်ယု** ။ ။ကျွန်တော်က ဒါရိုက်တာသာဖြစ်တာ၊ ကင်မရာ သိပ်ဝါသနာပါတာ။

**ကြည်စိုးထွန်း** ။ ။ဒါကြောင့်မို့ ဆရာက ခာတ်ပုံနဲ့ဆုရတာပေါ့ ဆရာရဲ့နော်။ ရွှေဒေါင်းတောင်က ဆရာ့ရဲ့ ပထမဆုံးကား၊ ကောင်းလိုက်တာ ဆရာရယ်၊ ဝတ္ထုကလည်း ဆရာသုခ၊ ဇာတ်ညွှန်းကလည်း ဆရာကြီး ဦးတင်မောင်ဆိုတော့ ကောင်းတာပေါ့ ဆရာ။

**ဦးတင်ယု** ။ ။လျှပ်စစ်ရုပ်ရှင်ကို အစုစပ်ထောင်ကြတယ်။ ထောင်ပြီးတော့ "ကပ္ပလီ" ဆိုပြီး ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ဩော် ကပ္ပလီဆိုတာ ကပ်ကပ်ပြီးတော့ ပလီတာ။ အဲဒါလည်း ဦးသုခ ဝတ္ထုထင်တယ် ဆရာ။

**ဦးတင်ယု** ။ ။အဲဒီတုန်းက ကပ္ပလီတို့၊ လေဒီဂျစ်တို့၊ ဂျစ်လေဒီတို့ ကားနာမည်တွေ ပေါ်လာတာ။ နောက် ဘဘကြီး၊ မင်းဘာလဲ။ မင်းဘာလဲကျတော့ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်း လာကြည့်တာ။

**ကြည်စိုးထွန်း** ။ ။ဘယ်လိုလာကြည့်တာလဲ သူက။

**ဦးတင်ယု** ။ ။သူက အမြဲတမ်း ကိုတင်မောင့်ကားဆို လာလာကြည့်တယ်။ စွပ်ကျယ်လေးနဲ့။

**ကြည်စိုးထွန်း** ။ ။ဩော် စွပ်ကျယ်လေးနဲ့ လာကြည့်တယ်။ ရိုးသားလိုက်တာ ဆရာရယ် နော်။

**ဦးတင်ယု** ။ ။ကလေးလေးချီလို့၊ ဘယ်သူ့မှလည်း မပြောဘူး။ သူ့ဘာသူ ပိုက်ဆံပေးပြီးတော့ ဝင်ကြည့်တာ။

**ကြည်စိုးထွန်း** ။ ။အခွင့်ထူးခံခြင်း မရှိဘူးပေါ့နော် ဆရာ။

**ဦးတင်ယု** ။ ။သိတော့မှ ဦးတင်မောင်တို့ကို အကြောင်းကြားရတာပေါ့။

**ကြည်စိုးထွန်း** ။ ။အင်း ဗိုလ်ချုပ်တော့ ဒီမှာလာပြီး ရုပ်ရှင်ကြည့်နေပြီဆိုပြီးတော့ ဦးတင်မောင်ကို အကြောင်းကြားတယ်။

**ဦးတင်ယု** ။ ။'မင်းဘာလဲ'ကျတော့ ဦးတင်မောင်က လူကြမ်းလုပ်တာကိုး။



**ကြည်စိုးထွန်း** ။ ။ဟုတ်တယ် ဆရာ။ ဦးတင်မောင်က ဆရာရယ် ပြောရရင်တော့ သူကသာ စတန့်ကားတွေ ရိုက်နေတာ၊ ဆရာ့ ဦးလေးက သူကိုယ်တိုင်ကတော့ စတန့်ကားတွေ သိပ်မရိုက်တတ်ဘူး၊ ရာဇဝင်ကားတွေ မရိုက်တတ်ဘူး ကျွန်တော်သိသလောက်တော့။ နောက်ဆုံးကျမှသာ "ဗိမ္ဗိသာရ" ရိုက်သွားတာ။ သူ ရာဇဝင်ကားလည်း မရိုက်ဘူး၊ စတန့်ကားလည်း မရိုက်ဘူး၊ အကြမ်းလည်း မလုပ်ဘူး၊ လူကြမ်းနေရာလည်းမလုပ်ဘဲ တကယ့်အနုကားလေး



တွေနဲ့ ဆရာဦးတင်မောင်က ရိုက်လာခဲ့တာပေါ့လေ။ ဆရာ့ 'မင်းဘာလဲ' ကျမှ လူကြမ်းနေရာမှာ ဝင်ရိုက်တာ။

**ဦးတင်ယု** ။ ။အဲဒီမှာ ကျွန်တော်က လုပ်ခိုင်းတာ။

**ကြည်စိုးထွန်း** ။ ။တူကနေပြီးတော့ ဦးလေးကိုလုပ်ခိုင်းတာ ဘာလုပ်ခိုင်းလဲ ဆရာ။

**ဦးတင်ယု** ။ ။လူကြမ်းလုပ်ခိုင်းတာ။

**ကြည်စိုးထွန်း** ။ ။လုပ်တာပဲ။

**ဦးတင်ယု** ။ ။လုပ်တယ်။ အဲဒီမှာ သူက မင်းသား ပီသတယ်။ ကျွန်တော်က ဒါရိုက်တာဖြစ်တော့ ကျွန်တော့်အလုပ်မှာ ဘာမှ ဝင်မစွက်ဘူး။ ကျွန်တော်ခိုင်းတာကို လုပ်တယ်။ ဘာထည့်ထားသလဲဆိုတော့ ပြတင်းပေါက်ကနေ ဒိုင်ဗင်ထိုးဆင်းတဲ့အခန်း၊ ဦးလေး အဲဒါလုပ်ပေးဆို အေးပါ လုပ်ပေးပါ့မယ်တဲ့။

**ကြည်စိုးထွန်း** ။ ။ပြတင်းပေါက်ကနေ ဒိုင်ဗင်ထိုးရမယ့်အခန်းပါတော့ ဆရာက သူ့ကို ခိုင်းတယ်။ ဦးလေး လုပ်ပေးပါဆိုတော့ လုပ်ပေးတယ်။



ဟုတ်ကဲ့ဆရာ၊ သူလူကြမ်းလုပ်တာက ထူးခြားနေတော့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဒါ ကိုတင်မောင် လူကြမ်းလုပ်တဲ့ကားပဲဆိုပြီးတော့ လာကြည့်တာ။ ဘာမှလည်း ကြိုတင်အကြောင်းမကြားထားဘူး။ ဟန်ကြီးပန်ကြီးလည်း မရှိဘူး။ သူ့ဟာသူ ပိုက်ဆံပေးပြီးတော့ ဝင်သွားတာ။ ကောင်းလိုက်တာ ဆရာရယ်။

**ဦးတင်ယု** ။ ။အဲဒါ နောက်နေ့ကျတော့ ကျွန်တော်က "ဗိုလ်ချုပ် မင်းဘာလဲ" ဆိုပြီးတော့။

**ကြည်စိုးထွန်း** ။ ။ကြော်ငြာတာ "ဗိုလ်ချုပ် မင်းဘာလဲ"။ မင်းဘာလဲက ကားနာမည်။

**ဦးတင်ယု** ။ ။သခင်မြ လာကြည့်တော့ "သခင်မြ မင်းဘာလဲ"။

**ကြည်စိုးထွန်း** ။ ။ဩော် သခင်မြ လာကြည့်တော့ တစ်ခါ "သခင်မြ မင်းဘာလဲ"။

**ဦးတင်ယု** ။ ။အဲဒီကြော်ငြာလေးတောင် ရှိလားမသိဘူး။

**ကြည်စိုးထွန်း** ။ ။ရှိရင်တော့ ပေးပါဆရာ။

**ဦးတင်ယု** ။ ။ရှာကြည့်လိုက်ဦးမယ်။

စာမျက်နှာ ၇ သို့ ❖









**"မြန်မာ့ အမျိုးသား ခေါင်းဆောင်ကြီးကနေပြီးတော့ ရုပ်ရှင်ကို စိတ်ဝင်စားပြီးတော့ ရုပ်ရှင်ရုံမှာ တကယ့်သာမန် ပရိသတ်လိုလာပြီး အားပေးတာလေးကဖြင့် တကယ်ကြည်နူးစရာကောင်းပါတယ် ဆရာရယ်။ ဝမ်းလည်းသာပါတယ်။ ဆရာတို့ အရင်တုန်းက ရုပ်ရှင်လောကသားတွေနဲ့ အရင်တုန်းက ကျွန်တော်တို့ မျိုးချစ်ခေါင်းဆောင်ကြီးတွေနဲ့ ဒီလိုနေကြထိုင်ကြတာများ ကျွန်တော်တို့ ဂုဏ်လည်းယူပါတယ်။ ပီတိလည်းဖြစ်တယ်"**





❖ စာမျက်နှာ ၆ မှ

**ကြည်စိုးထွန်း** ။ ။ရှာကြည့်ပါဦး ဆရာ၊ ဒီက ပရိသတ်လည်း အဲဒါလေး ကျွန်တော် ပြချင်တာပေါ့။ "ဗိုလ်ချုပ် မင်းဘာလဲ"၊ "သခင်မြ မင်းဘာလဲ" ကားနာမည်က မင်းဘာလဲပေါ့။ ကောင်းလိုက်တာ ဆရာရယ်။ အဲဒီတုန်းက တကယ့်မြန်မာ့အမျိုးသားခေါင်းဆောင်ကြီးကနေပြီးတော့ ရုပ်ရှင်ကို စိတ်ဝင်စားပြီးတော့ ရုပ်ရှင်ရုံမှာ တကယ့်သာမန်ပရိသတ်လိုလာပြီး အားပေးတာလေးကဖြင့် တကယ်ကြည်နူးစရာကောင်းပါတယ် ဆရာရယ်။ ဝမ်းလည်းသာပါတယ်။ ဆရာတို့ အရင်တုန်းက ရုပ်ရှင်လောကသားတွေနဲ့ အရင်တုန်းက ကျွန်တော်တို့ မျိုးချစ်ခေါင်းဆောင်ကြီးတွေနဲ့ ဒီလိုနေကြ ထိုင်ကြတာများ ကျွန်တော်တို့ ဂုဏ်လည်းယူပါတယ်။ ပီတိလည်း ဖြစ်တယ်။ အဲဒီတော့ 'မင်းဘာလဲ' ပြီးတော့ ဆက်ပါဦး ဆရာ။

**ဦးတင်ယု** ။ ။'မင်းဘာလဲ' ပြီးတော့ 'အတွင်းရန်'၊ ပြီးတော့မှ 'ညောင်ရမ်း ညီနောင်'။

**ကြည်စိုးထွန်း** ။ ။'ညောင်ရမ်းညီနောင်' ဒါ ဆရာ့ရဲ့ Masterpiece ပေါ့နော် ဆရာ။

**ဦးတင်ယု** ။ ။အသံတိတ်တုန်းကလည်း ရိုက်တယ်။ အသံသွင်းလည်း ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။အသံတိတ်တုန်းကတော့ ကျွန်တော်တို့ မကြည့်ဖူးဘူး ဆရာ။ အသံထွက်ကျတော့ ကျွန်တော်တို့ ကြည့်ဖူးသွားပြီ။

**ဦးတင်ယု** ။ ။အဲဒီကနေပြီးတော့ 'ရန်ပုံခွင်း'၊ 'သူဌေးလောင်း'၊ 'တခိုင်လုံးရွှေ'၊ ပထမဆုံးအသံထွက်က 'သက်လယ်'။

**ကြည်စိုးထွန်း** ။ ။အဲ ဦးကျော်ဝင်းနဲ့ တင်တင်မူနဲ့ မြင့်မြင့်ခင်နဲ့။

**ဦးတင်ယု** ။ ။အဲဒီမှာ နာမည်ကြီးတယ်လေ 'ချစ်ဆိပ်ရည်' သီချင်း။

**ကြည်စိုးထွန်း** ။ ။ဩော် 'ချစ်ဆိပ်ရည်' က အဲဒီထဲကလား။

**ဦးတင်ယု** ။ ။ကျွန်တော်က စာသားပေးတယ်။ ရွှေပြည်အေးက အသံထည့်တယ်။

**ကြည်စိုးထွန်း** ။ ။ဩော် ဆရာရွှေပြည်အေးက အသံထည့်တယ်။ စာသားရော၊ အသံရောက ကောင်းတယ် ဆရာ။ 'ချစ်ဆိပ်ရည်' ဆိုတာက ကျွန်တော်တို့ ကြားဖူးတာတော့ ဒေါ်ရီရီသန့်တို့၊ ဒေါ်ကြည်ကြည်ဌေးတို့ပေါ့နော်။ သူတို့ဆိုတာ ကြားဖူးတယ် ဆရာ။

**ဦးတင်ယု** ။ ။ပထမဆုံးဆိုတာက မြင့်မြင့်ခင်။

**ကြည်စိုးထွန်း** ။ ။ဟုတ်ကဲ့ဆရာ၊ အဲဒါတော့ မကြားဖူးဘူး ဆရာ။ ဒါပေမယ့် သီချင်းကတော့ တအားနာမည်ကြီးတာ။

**ဦးတင်ယု** ။ ။ဒါရိုက်တာက ဖီလင်နဲ့ စာသားပေးလိုက်တာ။

**ကြည်စိုးထွန်း** ။ ။ဩော် ဆရာက ဖီလင်တွေထည့်ပြီး ရေးပေးလိုက်တာပေါ့။ ဖီလင်ရော ရှိလား။

**ဦးတင်ယု** ။ ။ရှိရတာပေါ့ ဆရာရယ်။ ဒါရိုက်တာကတော့ ဖီလင်ထည့်ရ တာပေါ့။

**ကြည်စိုးထွန်း** ။ ။ပြောပါဦး ဆရာရယ်။ ဆရာက ဖီလင်ထည့်ပြီးတော့ ချစ်ဆိပ်ရည်ဆိုတဲ့ စာသားတွေရေးပေးတယ်။ အဲဒါကို ရွှေပြည်အေးကနေပြီးတော့ အသံထည့်တယ်။ အဲဒီသီချင်းဟာ ဒီနေ့အထိပေါ့နော် ကျွန်တော်တို့ နောက်ခေတ် လူငယ်တွေပေါ့ ရုပ်ရှင်ကားတွေထဲမှာတောင်မှ ဂီတမှူးတွေကနေပြီးတော့ မင်းသမီးနဲ့ မင်းသားကွဲကြပြီဆိုရင်၊ မင်းသမီးလေး လွမ်းနေပြီဆိုရင် တစ်ခါ ဒီ 'ချစ်ဆိပ်ရည်'ဆိုတဲ့ သီချင်းလေးကို ပြန်ပြန်တီးတာ ကျွန်တော် တွေ့ဖူးတယ် ဆရာ။ ဆရာ့ရဲ့သီချင်းနဲ့ပတ်သက်တဲ့ ဖီလင်ကိုလည်း သိရတာပေါ့ ဆရာ။ အဲဒီအထဲက ကျော်ဝင်းဆိုတဲ့မင်းသားက ပထမဆုံး အကယ်ဒမီရတဲ့ မင်းသားနော် ဆရာ။ ကျော်ဝင်းက တင်တင်မူရဲ့ ယောကျ်ား၊ အခု ဒေစီကျော်ဝင်းရဲ့ အဖေပေါ့နော်။

**ဦးတင်ယု** ။ ။အဲဒါပြီးတော့ "ဝိညာဉ်မေတ္တာ" အသံထွက်ပဲ။

**ကြည်စိုးထွန်း** ။ ။အဲဒီမှာ ထူးခြားတာက ဆရာ၊ ဇာတ်ညွှန်းရေးတဲ့သူက တက္ကသိုလ်ချစ်ဆွေဆိုတာ တက္ကသိုလ်ချစ်ဆွေက စာအုပ်ကလေး ရေးဖူးတယ် ဆရာ၊ ပါးပါးလေး။ ဇာတ်ညွှန်းအကြောင်းရေးဖူးတာ ကျွန်တော် ဖတ်ဖူးတယ်။



**ဦးတင်ယု** ။ ။ပြီးတော့မှ ၅၃ ရောက်တော့ သားရွှေဒေါင်းတောင်။

**ကြည်စိုးထွန်း** ။ ။၁၉၅၃ ဆိုတော့ ကျွန်တော်တို့ ရှစ်နှစ်၊ ကိုးနှစ်သားပဲ ရှိသေးတယ်ဆရာ၊ ဒါပေမယ့် မှတ်မိတယ်ဆရာ၊ အဲဒီကားကို မှတ်မိတယ်။ မင်းသားက ချောချောပဲ၊ လူချောချော တောင့်တောင့်ဖြိုးဖြိုး သူကခေါင်းမှာ ပေါင်းပြီးတော့လေ ဒေါင်းတောင်လေးနဲ့ ဓားခုတ်တာတွေ တော်တော်ကောင်းပါတယ် ဆရာ။

**ဦးတင်ယု** ။ ။၅၄ ခုမှာ အကျော်အမော်။

**ကြည်စိုးထွန်း** ။ ။ဒါလည်းနာမည်ကြီးတာပဲ ဆရာ။ အဲဒီမှာလည်း သီချင်း နာမည်ကြီးတယ်နော် ဆရာ။ လူမှန်ရင် ကိုယ့်အားကိုယ်ကိုးပါ ဆိုလား၊ မိန်းမ တို့မိန်းမမျိုးဆိုလား၊ အဲဒါလေး ကြည်ကြည်ဌေးဆိုတာလေ။ အဲဒီသီချင်းလေး ဆရာမှတ်မိဦးမလား မသိဘူး။

**ဦးတင်ယု** ။ ။မမှတ်မိတော့ဘူး။

**ကြည်စိုးထွန်း** ။ ။အဲဒီသီချင်းက ဆရာ၊ မိန်းမကို မာမာထန်ထန် ဆိုတဲ့သီချင်းပဲ။ အဲဒါမှတ်မိနေတယ် ဆရာ၊ ကြည်ကြည်ဌေး နှစ်ကိုယ်ခွဲလေ ဆရာ၊ အမှန်တော့ အင်္ဂလိပ်ဇာတ်ကားရှိမယ်ထင်တယ်။ Stolen life ဆိုတာ။

**ဦးတင်ယု** ။ ။နောက် ဇင်မာဦးနဲ့ ဗီဒီယိုပြန်ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ဟုတ်ကဲ့။ ကျွန်တော်ကတော့ အဲဒီကားပေါ့ ဆရာရယ်၊ ဟို ကိုးနှစ်၊ ဆယ်နှစ်သားလောက် ကျွန်တော်ကြည့်ရတာ အကျော်အမော်မှာ မှတ်မိတာ၊ ဘာမှတ်မိလဲဆိုတော့ ကြည်ကြည်ဌေး တစ်ကိုယ်က တအား စရိုက်ကြမ်းတယ်၊ သူက ဘယ်လောက် စရိုက်ကြမ်းလဲဆိုတော့ ထဘီကို တစ်ခါတည်း ဟိုအထဲကတော့ ဘောင်းဘီပါတာပေါ့၊ ဘောင်းဘီလား၊



စကတ်လားမသိဘူးပါတယ်၊ ထဘီကွင်းလိုက် ပုံချပြီးတော့ တစ်ခါတည်း အဲဒီထဘီကို ခတ်ပလိုက်တာ၊ ခြေထောက်နဲ့ ခုတင်ပေါ်ကို ခတ်ပလိုက်တာ သိလား၊ အဲဒါမျိုးတွေပေါ့လေ character သိပ်ပေါ်တာပဲ အဲဒီမှာ၊ မင်းမိန်းမက တော်တော်ကို ပက်စက်တာပေါ့နော်၊ အနေအထိုင်ပက်စက်၊ အပြောအဆို ပက်စက်၊ ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း တစ်ကိုယ်က၊ တစ်ကိုယ်ကတော့ တအားနုတာပေါ့လေ 'အကျော်အမော်' ဆရာနော်။

**ဦးတင်ယု** ။ ။အဲဒီခပ်ကြမ်းကြမ်းက အစ်မကို သတ်လိုက်ပြီးတော့ သူဝင်လိုက်တဲ့အချိန်ကျတော့။

**ကြည်စိုးထွန်း** ။ ။ဩော် လူစားထိုးတာ။

**ဦးတင်ယု** ။ ။အဲဒီကျတော့ သူက အတုကို အတင်းလုပ်ရတာ။

**ကြည်စိုးထွန်း** ။ ။ဟုတ်ကဲ့ဆရာ ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။အကြမ်းရုပ်ပျောက်အောင် မနည်းလုပ်ရတာ၊ အဲဒါပြီးတော့ 'မြတဘာက်'။

(ဆက်လက်ဖော်ပြပါမည်)







# ထိုင်းနိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ်ညှော့ခံပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

**ထိုင်းနိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ်ညှော့ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်သည်။**




အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ် ဆူဖတ်သရာဆီမိုင်းသရီဖိတ်တပ်တို့က ထိုင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ယင်းနောက် မြန်မာ-ထိုင်း နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဗီဒီယိုအား ပြသပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်းရိုးရာအစားအစာများဖြင့် တည်ခင်းညှော့ခံသည်။

ညှော့ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေးနှင့် ဦးကျော်တင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ (IPC)ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးလှကျော်၊ ဦးကျော်မျိုး၊ ဦးအောင်ထူး၊ ဦးကျော်လင်း၊ ဦးခင်မောင်ဝင်း၊ ဦးဝင်းမော်ထွန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ IPC အဖွဲ့ဝင်များ၊ အတွင်းရေးမှူးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းအဖွဲ့ (၅) ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်းက "မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီနှင့် ယင်း၏လုပ်ငန်းအဖွဲ့ (၅) ဖွဲ့သည် အလွန်အရေးပါကြောင်း၊ တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် မျှတပြီး ကြွယ်ဝသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးဆောင်ရွက်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုမူဝါဒများကို ထင်ဟပ်ရန်အရေးကြီးပါကြောင်း" ပြောကြားသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ကော်မတီ၏ လုပ်ငန်းစဉ်များနှင့်လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ်တင်ပြခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထောက်အကူပြုလုပ်ငန်းအဖွဲ့ (၅) ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက ၎င်းတို့၏ လုပ်ငန်းအဖွဲ့အလိုက်၊ ရေးဆွဲထားသည့်နှစ်အလိုက် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပါဝင်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီအတွင်းရေးမှူးက ဆွေးနွေးချက်များအပေါ် အနှစ်ချုပ်၍ ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့်လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း(ယာပုံ)က ယခုအစည်းအဝေးသည် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာရေးသားရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၉ ရက်တွင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်(၈)ချက် ချမှတ်ခဲ့ပါကြောင်း၊ အဓိကအချက်များမှာ အစီရင်ခံစာကို နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ဆောင်ရွက်ရန်၊ နှစ်ပတ်လည်အစီရင်ခံကို ၂၀၂၀ ပြည့်နှစ် မတ်လကုန်တွင် ထုတ်ဝေနိုင်ရန်၊ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထုတ်ဝေရန်နှင့် ထည့်သွင်းဖော်ပြမည့် Contentများ၊ အကြောင်းအရာများ၊ ဆောင်းပါးများကို ဒီဇင်ဘာလကုန်အထိ ဆက်စပ်အဖွဲ့အစည်းများထံမှ တောင်းခံသွားရန်တို့ ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့ပြီး အဓိကဆုံးဖြတ်ချက်မှာ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်ချက်များ တောင်းခံရန်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း ဆက်စပ်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ဝင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆပ်ကော်မတီများ၊ သက်ဆိုင်ရာဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဆောင်ရွက်မှုမှတ်တမ်းများကို ပေါင်းစည်းထုတ်ပြန်နိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများအလိုက် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက နှစ်ပတ်လည် အစီရင်ခံစာရေးသားထုတ်ဝေနိုင်ရေးကိစ္စများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှစ်ပတ်လည် အစီရင်ခံစာရေးသားရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးမူဝါဒပြန်လည်ရေးဆွဲရေးအတွက် အကြံပေးအဖွဲ့ဝင်များနှင့် အစည်းအဝေးကျင်းပ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေးအတွက် အကြံပေးအဖွဲ့ဝင်များနှင့် အစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။



**ပြန်လည်ရေးဆွဲနိုင်ရန် ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင်(၁၉၉၃) ခုနှစ်၌ အဆိုပါခေတ်ကာလအခြေအနေ၊ ကျန်းမာရေးအခြေအနေများနှင့် အညီ ရေးဆွဲခဲ့သော အမျိုးသားကျန်းမာရေးမူဝါဒ ရှိခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါအမျိုးသားကျန်းမာရေးမူဝါဒကို ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့် ကိုက်ညီစေရန်အတွက် ပြန်လည်ရေးဆွဲနိုင်ရန် အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေးဦးဆောင်ကော်မတီ၊ အကြံပေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့တို့ကိုဖွဲ့စည်း၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ထိုသို့ ဖွဲ့စည်းရာတွင် ကျန်းမာရေးကဏ္ဍနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားပညာရှင်ကြီးများ၊ လက်ရှိ တာဝန်ထမ်းဆောင်နေသူများနှင့် တာဝန်များကို လက်ဆင့်ကမ်းယူမည့် မျိုးဆက်သစ်လူငယ်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ယခုအကြံပေးအဖွဲ့ဝင်များ အစည်းအဝေးပြီးနောက်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ၊ နီးနွယ်ဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ကျန်းမာရေးကဏ္ဍလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများပါဝင်သော အစည်းအဝေးတစ်ခုကို လာမည့် ဒီဇင်ဘာလတွင် ကျင်းပကာ အကြံပြုချက်များ ရယူသွားမည်ဖြစ်ပါကြောင်း။

အမျိုးသားကျန်းမာရေးမူဝါဒကို ပြန်လည်ရေးဆွဲသည့်အခါ မူဝါဒနှင့်အတူ လုပ်ငန်းမဟာဗျူဟာ၊ လုပ်ငန်းများ အကောင်အထည်ဖော်မှုမူဘောင်၊ ပူးပေါင်းဆောင်ရွက်မှုမူဘောင်၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှုဆန်းစစ်မှုစနစ်၊ သုတေသနပြုလုပ်ဆန်းစစ်မှုစနစ်၊ ခိုင်မာတိကျသော ကျန်းမာရေးသတင်းအချက်အလက်စနစ်တို့ ယှဉ်တွဲပါဝင်ရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ရေးဆွဲမည့် မူဝါဒသည် ကျန်းမာရေးကဏ္ဍကိစ္စရပ်များဖြစ်သော ပြောင်းလဲလျက်ရှိသော ကျန်းမာရေးအခြေအနေအရပ်ရပ်၊ ကျန်းမာရေးနည်းပညာများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အခြေအနေများနှင့်သာမက လူမှုစီးပွားရေး၊ နိုင်ငံရေးစသော အခြေအနေအရပ်ရပ်၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့်လည်း ကိုက်ညီမှုရှိရမည်ဖြစ်ပါကြောင်း။

အမျိုးသားကျန်းမာရေးမူဝါဒသစ်တွင် ဖြစ်ပွားမှုများပြားလာလျက်ရှိသော မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးကိုလည်း ဦးစားပေးထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် ဦးစားပေးအဆင့်များသတ်မှတ်၍ တိကျသော လုပ်ငန်းတာဝန်သတ်မှတ်ချက်များ ပါဝင်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်စေရန် လိုအပ်သည့် အရင်းအမြစ်များ စနစ်တကျ ခွဲဝေချထားမှုနှင့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်မှုမဟာဗျူဟာနှင့် စီမံကိန်းများသည် အလွန်အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများအတွက် သုတေသနစွမ်းရည်နှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်မှုစွမ်းရည်များမြှင့်တင်ရေးအတွက် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်) တွင် Research Training Center ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါကာကွယ်ဆေးထိုးခြင်းသာမက အခြားကျန်းမာရေးစီမံချက်များမှ ကျန်းမာရေးအသိပညာ မြှင့်တင်မှုလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကိုလည်း ပြန်လည်ဆန်းစစ်သုံးသပ်မှုများပြုလုပ်ကာ ပိုမိုကောင်းမွန်ထိရောက်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အထွေထွေဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာထင်လင်းက မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေး (မူကြမ်းအကျဉ်း)အား တင်ပြခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေး အကြံပေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဖေသက်ခင်နှင့် အဖွဲ့ဝင်များက ဆွေးနွေးပြောကြားခြင်းနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျား/မတန်းတူညီမျှရေးအတွက် ပေကျင်းကြေညာချက် (၂၅)နှစ်ပြည့် ပြန်လည်သုံးသပ်မှုဆိုင်ရာညီလာခံ တက်ရောက်

**ဘန်ကောက် နိုဝင်ဘာ၂၈**


ကျား/မတန်းတူညီမျှရေးအတွက် ပေကျင်းကြေညာချက် (၂၅)နှစ်ပြည့် ပြန်လည်သုံးသပ်မှုဆိုင်ရာ အာရှ - ပစိဖိတ်ဝန်ကြီးများအဆင့်ညီလာခံကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည်။

**လိုအပ်သည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေး**

အဆိုပါညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးတွင် ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီးများ ပါဝင်ခွင့်ရရှိရေးနှင့် ပြုပြင်ပြောင်းလဲမှု၏ အကျိုးခံစားနိုင်ရေးသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျား/မအခြေပြုအကြမ်းဖက်မှုများ ပပျောက်နိုင်ရေးအတွက် လိုအပ်သည့်မူဝါဒများ၊ ဥပဒေများကို ချမှတ်၍ အကာအကွယ်ပေးနေသကဲ့သို့ ကျား/မအခြေပြုအကြမ်းဖက်မှုခံစားခဲ့ရသော ပြည်သူများကို လိုအပ်သည့် ဝန်ဆောင်မှုများရရှိရန် ချိတ်ဆက်ဆောင်ရွက်ပေးနေပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေသကဲ့သို့ ပြည့်တန်ဆာဆိုင်ရာဥပဒေကို မူကြမ်းရေးဆွဲနေပါကြောင်း၊ အသက်(၁၈)နှစ်အောက် ကလေးငယ်များနှင့် အမျိုးသမီးငယ်များကို အပြည့်အဝအကာအကွယ်ပေးနိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးဥပဒေအသစ်ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒ ပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်နေပါကြောင်း။

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများမှ တားဆီးကာကွယ်တုံ့ပြန်နိုင်ရေးအတွက် ပူးတွဲသဘောတူစာချုပ်ကို ကုလသမဂ္ဂနှင့် လက်မှတ်ရေးထိုးခဲ့ပြီးနောက် အဆိုပါ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိကြောင်း၊ လူကုန်ကူးကိစ္စရပ်များနှင့်ပတ်သက်၍ အစိုးရအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) သဘောတူစာချုပ်ဆိုင်ရာများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်သည့် အချက်အလက်များရရှိနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၃)နှစ်တာ ကြာမြင့်မည့် သုတေသနတစ်ခုကို ဆောင်ရွက်လျက်ရှိပြီး ယင်းသုတေသနသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အညွှန်းကိန်းများနှင့်စပ်လျဉ်း၍ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ရရှိလာသော သတင်းအချက်အလက်များအပေါ် အခြေခံ၍ လုပ်ငန်းစီမံချက်များရေးဆွဲပြီး မြန်မာနိုင်ငံအနေဖြင့် ကျား/မအခြေပြုအကြမ်းဖက်မှုများ ပပျောက်သွားသည်အထိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



# တီမောလက်စ်တေနိုင်ငံ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကြေညာသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၂၈**
တီမောလက်စ်တေနိုင်ငံ၏ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် တီမောလက်စ်တေနိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေ သံအမတ်ကြီး Mr.Joao Freitas de Camara နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့က တီမောလက်စ်တေနိုင်ငံ၏(၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကြေညာသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေ သံအမတ်ကြီးတို့က တီမောလက်စ်တေနိုင်ငံ၏ (၄၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး(ယာပုံ) တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တီမောလက်စ်တေ သံအမတ်ကြီးက အခမ်းအနားသို့ တက်ရောက်လာသောညှော်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ မျက်မမြင်များအသင်း စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**
မြန်မာနိုင်ငံ မျက်မမြင်များအသင်းက ကြီးမှူး၍ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ House of Orchid ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် စာပေဟောပြောပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပေးပို့သည့် ဂုဏ်ပြုဝမ်းမြောက်စကားကို ကာတွန်းဆရာ စိုးသော်တာက ဖတ်ကြားသည်။

**ကြိုဆိုဂုဏ်ပြု**

ထို့နောက် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် မြန်မာနိုင်ငံ မျက်မမြင်များအသင်း၏ သဘောထားထုတ်ပြန်ချက်ကို မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ စာရင်းကိုင် ဒေါ်စုမွန်ခိုင်က ဖတ်ကြားသည်။

ယင်းနောက်မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာရှပစိဖိတ်ဒေသအတွင်း အွန်ဂျီဘရေးလ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ဦးဘရန်နန်းအား မြန်မာနိုင်ငံ မျက်မမြင်များအသင်းကိုယ်စား ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် ဆရာမ မသီတာ(စမ်းချောင်း)၊ ဆရာ



စိုးသော်တာ၊ ဆရာကိုအင်းဝ(ဂန္ထဝင်ညှပ်ကြီး)၊ Founder of Kanthari International Institute မှ Ms.Sabriye Tenberken(German)တို့က ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်ဖြစ်သည့် **"အတားအဆီးကင်းရေး မျှော်မှန်းလို့၊ မသန်စွမ်းလူ့အခွင့်အရေး ဖော်ဆောင်စို့"** ဟူသည့်ခေါင်းစဉ်ဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်ယမင်းဥမ္မာက ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံမျက်မမြင်များအသင်းက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆင့်မြင့်ပညာသင်ယူခွင့် လက်လှမ်းမီနိုင်မှုနှင့် စပ်လျဉ်းသည့် ရုပ်သံဗီဒီယိုကို ပြသသည်။

မြန်မာနိုင်ငံ မျက်မမြင်များအသင်းကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ပြီး အသင်းရုံးကို ၂၀၀၂ ခုနှစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိသည်။

**အားပေးမြှင့်တင်**

မြန်မာနိုင်ငံ မျက်မမြင်များအသင်းသည် နိုင်ငံသားမျက်မမြင်များ၏ လူမှုဘဝဖွံ့ဖြိုးရေးနှင့် နိုင်ငံသားအခွင့်အရေးတန်းတူရရှိရေးတို့အတွက် ရည်ရွယ်၍ ၁၉၉၆ ခုနှစ် မေ ၂၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ၊ ပြင်ဦးလွင် ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်း၊ မုံရွာ ရောင်ခြည်သစ်မျက်မမြင်ကျောင်း၊ မိတ္ထီလာ ရှေ့ဆောင် မျက်မမြင်ကျောင်း၊ လှိုင်သာယာ စုပေါင်းအားမာန် မျက်မမြင်အလုပ်သမားများအဖွဲ့၊ ကချင်ပြည်နယ် မျက်မမြင်ဖွံ့ဖြိုးရေးအဖွဲ့၊ မိတ္ထီလာ ဘဝသစ်မျက်မမြင်ကျောင်း၊ ကချင်ပြည်နယ် လင်းလက်ကြယ်မျက်မမြင်များအဖွဲ့အစရှိသည့် အဖွဲ့လိုက်အသင်းဝင်ရှစ်ဖွဲ့အပါအဝင် တစ်ဦးချင်း အသင်းသူ အသင်းသားများနှင့် စုစည်းဆောင်ရွက်လျက်ရှိသော အမြင်အာရုံမသန်စွမ်းသူများ၏ နိုင်ငံတော်အဆင့် မျက်မမြင်များအသင်းတစ်သင်းဖြစ်သည့်အားလျော်စွာ ကမ္ဘာ့မျက်မမြင်သမဂ္ဂ၏အဖွဲ့ဝင်အသင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံမျက်မမြင်များအသင်းသည် ယခုအခါတွင် နိုင်ငံသားမျက်မမြင်များ၏ အခွင့်အရေးအတွက်သာမက မသန်စွမ်းသူအားလုံး၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် အားပေးမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်း မိတ်ဖက်မသန်စွမ်းအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မျက်မမြင်များအသင်းရုံးခွဲများကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့တွင်လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်းကောင်း ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သား/ငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**
မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (၂၀/၂၀၁၉) ကြိမ်မြောက် သား/ငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် သဘာပတိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ တိုးနန္ဒာတင်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက ငါးဖမ်းရရှိမှု အခြေအနေ၊ ငါးပိ၊ ငါးခြောက် ထုတ်လုပ်မှု၊ ပင်လယ်ငါးစားသုံးမှုအခြေအနေ၊ ငါး/ပုစွန် ရေထွက်ပစ္စည်းပို့ကုန်များ တင်ပို့ရောင်းချမှုအခြေအနေ၊ ငါးဈေးကွက်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး သဘာပတိက နိဂုံးချုပ်ဆွေးနွေးပြောကြားသည်။

သဘာပတိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ တိုးနန္ဒာတင်က "ဒီနေ့ အဓိကဆွေးနွေးတာက ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခေတ်မီနည်းစနစ်တွေ ပြောင်းတယ်။ တရုတ်မှာသွားပြီး လေ့လာခဲ့တဲ့အကြောင်းတွေ၊ နိုင်ငံတကာကွန်ဖရင့်တွေကနေပြီး အများကြီးလေ့လာနားလည်လာပြီး မြန်မာနိုင်ငံရဲ့ ငါးလုပ်ငန်းတွေမှာ လုပ်ရမယ့်လုပ်ငန်းတွေလည်း တွေ့လာတယ်ဆိုတာ ဒါကိုလည်း ဆွေးနွေးပေးတယ်။ နောက်တစ်ခုက ကိုယ့်နိုင်ငံမှာရှိနေတဲ့ သယံဇာတတွေ ဘယ်လောက်များသလဲ ဆိုတာကို လူတိုင်းသိအောင်လို့ နိုင်ငံတကာကွန်ဖရင့်တွေတက်ပြီး ပြောတဲ့အခါမှာ လူတော်တော်များများလည်း စိတ်ဝင်စားလာတယ်။ အခု ကိုယ်လုပ်နေတဲ့လုပ်ငန်းသည် နိုင်ငံတော်ရဲ့ ငါးလုပ်ငန်းကဏ္ဍကို အများကြီး တိုးတက်အောင်လုပ်နိုင်တဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့် ဒါကို ကျွန်မတို့အနေနဲ့ ကြိုးစားပြီး လုပ်နေတယ်ဆိုတဲ့ အကြောင်းကို ဆွေးနွေးခဲ့ပါတယ်"ဟု ပြောသည်။

**သတင်း - ရီရီမြင့် ၊ ဓာတ်ပုံ - လှမိုး**

❒ ယူ-၁၄ မှ

ဗိုလ်လုပွဲတွင် ကရင်အသင်းနှင့် မန္တလေးအသင်းတို့ တွေ့ဆုံခဲ့ပြီး ကရင်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ကရင်အသင်းသည် သုံးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သော်လည်း မန္တလေးအသင်း၏ ချေပဂိုးများသွင်းယူမှုကို ခွင့်ပြုခဲ့ရကာ သုံးဂိုးစီသရေကျပြီး လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ ပွဲပြီးခါနီးတွင် ကရင်အသင်းက အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်သည်။

**ပေးအပ်ချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရရှိသည့် အောင်ကောင်းမြတ် (မန္တလေး) အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် တစ်သိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် စောမိုးဇော်(ကရင်)အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်း၊ ပူးတွဲတတိယဆုရရှိသည့် မွန်အသင်းနှင့် တနင်္သာရီအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်းစီ၊ ဒုတိယဆုရရှိသည့် မန္တလေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ပထမဆုရရှိသည့် ကရင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် ၂၅ သိန်းနှင့် ချန်ပီယံဆုဖလားတို့ကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အကြံပေး ဦးဘန်နီတင်အောင်နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အချောသပ်လုပ်ငန်းများအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများနှင့်(၇)ရက် သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို အနန္တရာယိက မြေသန့်မဟာမင်္ဂလာအခမ်းအနားမှ အစပြု၍ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအထိ မဟာမင်္ဂလာအခမ်းအနား(၉)မျိုးဖြင့် တည်ထားကိုးကွယ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာ ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အချောသပ်လုပ်ငန်းများအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (၁) | ဦးသောင်းဝင်း<br>ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန(ဝန်ကြီးရုံး)၊<br>ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇-၃၄၀၆၂၇၆<br>၀၉-၄၂၀၇၀၁၄၆၃ |
| (၂) | ဦးမောင်မောင်မျိုး<br>ညွှန်ကြားရေးမှူး၊<br>နေပြည်တော်<br>သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေး<br>စေတီတော်ပရိဝုဏ်၊<br>နေပြည်တော် | ၀၆၇-၃၅၅၀၁၈၃<br>၀၉-၂၁၃၂၁၉၁ |
| (၃) | ဦးကြင်ခိုင်<br>ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့<br>တက္ကသိုလ်၊<br>ကမ္ဘာအေးဘုရားဝင်း၊<br>ရန်ကုန်မြို့ | ၀၁-၆၆၁၂၇၅<br>၀၉-၈၆၀၀၀၁၃<br>၀၉-၅၁၈၃၄၇၁ |
| (၄) | ဦးကျော်လှိုင်<br>ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး<br>သာသနာရေးမှူးရုံး | ၀၂-၄၀၃၆၃၁၂<br>၀၉-၂၆၃၉၉၉၀၀၁ |
| (၅) | ဦးစိန်မော်<br>ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး<br>သာသနာရေးမှူးရုံး | ၀၁-၆၆၅၅၂၉<br>၀၉-၈၆၀၂၁၆၃ |

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ

## နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အာမခံလုပ်ငန်းကဏ္ဍ လွတ်လပ်ခွင့်ပြုရေး လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ ငါးခု၊ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဖက်စပ်လုပ်ကိုင်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီ ခြောက်ခုတို့အား လိုင်စင်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။




**အာမခံအကာအကွယ်များ ပိုမိုရရှိမည်**

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံခြားသားရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် အသက်အာမခံကုမ္ပဏီ သုံးခုနှင့် အထွေထွေအာမခံကုမ္ပဏီ သုံးခုတို့ကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပေးအပ်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းကို ၂၀၁၃ ခုနှစ်မှစ၍ ပထမအဆင့်အဖြစ် ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိကအသက်အာမခံကုမ္ပဏီ ၁၁ ခုနှင့် အထွေထွေအာမခံကုမ္ပဏီ ရှစ်ခုတို့အား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ယခုဒုတိယအဆင့်အဖြစ် နိုင်ငံခြားအာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည့် အာမခံကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အာမခံအမျိုးအစားသစ်များ၊ အာမခံနည်းပညာများနှင့် နိုင်ငံတကာအာမခံအတွေ့အကြုံများကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်သည့်အတွက် မကြာမီကာလများတွင် အများပြည်သူများအနေဖြင့် အာမခံအကာအကွယ်များ ပိုမိုရရှိပြီး တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရာနှုန်းပြည့်ပိုင်ဆိုင်သည့် နိုင်ငံခြား အသက်အာမခံကုမ္ပဏီ ငါးခုဖြစ်သည့် AIA MYANMAR LIFE INSURANCE COMPANY LIMITED, CHUBB LIFE INSURANCE MYANMAR LIMITED, DAI-ICHI LIFE INSURANCE MYANMAR LTD, MANULIFE MYANMAR LIFE INSURANCE COMPANY LIMITED, PRUDENTIAL MYANMAR LIFE INSURANCE LIMITED တို့ကို အာမခံလုပ်ငန်းလိုင်စင်များ ပေးအပ်သည်။

ယင်းနောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖက်စပ်အသက်အာမခံကုမ္ပဏီအဖြစ် လုပ်ကိုင်ခွင့်ရရှိသည့် အာမခံကုမ္ပဏီ သုံးခုဖြစ်သော CB LIFE INSURANCE COMPANY LIMITED, CAPITAL TAIYO LIFE INSURANCE LIMITED, GRAND GUARDIAN NIPPON LIFE INSURANCE COMPANY LIMITED နှင့် ဖက်စပ်အထွေထွေအာမခံကုမ္ပဏီအဖြစ် လုပ်ကိုင်ခွင့်ရရှိသည့် အာမခံကုမ္ပဏီ သုံးခုဖြစ်သည့် AYA SOMPO INSURANCE COMPANY LIMITED, GRAND GUARDIAN TOKIO MARINE GENERAL INSURANCE COMPANY LIMITED, KBZ MS General Insurance Company Limited တို့ကို အာမခံလုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်များ ပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် နိုင်ငံခြားသားရာနှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ ငါးခုကိုယ်စား AIA Myanmar Life Insurance Company Limited မှ တာဝန်ရှိသူနှင့် ဖက်စပ်အသက်အာမခံကုမ္ပဏီ၊ အထွေထွေအာမခံကုမ္ပဏီများကိုယ်စား Capital Taiyo Life Insurance Company Limited နှင့် KBZ MS General Insurance Company Limited တို့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




နိုဝင်ဘာ ၃၀ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းသာဦး၏ တာတေနှင့် မိုက်တီးရွှေအ၊ အင်တာနက်ကို အသုံးပြုခြင်းကြောင့် အကျိုးကျေးဇူးများ ရရှိနိုင်သကဲ့သို့ ဆိုးကျိုးများလည်း ဖြစ်စေနိုင်ကြောင်း ပညာပေး ရေးသားထားသော သုတဆောင်းပါး၊ ပလတ်စတစ်အိတ်တစ်လုံးကြောင့် အန္တရာယ်က လွတ်မြောက်သွားသော ဖိုးလုံးအကြောင်းကို ဟာသရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးပျော်ရွှင်စေရန် ကူညီခဲ့ပုံအကြောင်း ရေးသားထားသည့် ဝတ္ထုတိုအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ဉာဏ်စမ်း၊ ကဗျာသံစဉ် စသည့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၁၉၇၃ ခုနှစ် ဇူလိုင်လက စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေး စသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတ ရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြု ရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။




**ဆက်သွယ်မှာယူနိုင်**

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၃၄၆၈၀၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း- ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်ခရစ်ကက်အားကစားပြိုင်ပွဲတွင် အောင်ပွဲရ ရခိုင်ပြည်နယ်အသင်း(အမျိုးသား)အား ဂုဏ်ပြု

**စစ်တွေ နိုဝင်ဘာ ၂၈**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ခရစ်ကက်အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော အောင်ပွဲရ ရခိုင်ပြည်နယ် ခရစ်ကက်အားကစားအဖွဲ့အား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဂုဏ်ပြုအမှာစကားပြောကြားပြီး ခရစ်ကက်အားကစားအဖွဲ့ အသင်းအုပ်ချုပ်သူ ဒေါ်ချစ်စုခိုင်က ပြိုင်ပွဲအတွေ့အကြုံအား ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းအုပ်ချုပ်သူ ဒေါ်ချစ်စုခိုင်က တံခွန်စိုက်ဆုဖလားအား ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိခဲ့သော အမျိုးသားအသင်းအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဒုတိယဆုရရှိခဲ့သော အမျိုးသမီးအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။



အဆိုပါအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့ရာ ရခိုင်ပြည်နယ် ခရစ်ကက်အားကစားအသင်း (အမျိုးသား) အနေဖြင့် အုပ်စုတွင်းပွဲစဉ်များတွင် မန္တလေး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း၊ ကွာတားဖိုင်နယ် အဆင့်တွင် မကွေးအသင်းကိုလည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်တွင် လက်ရှိချန်ပီယံဟောင်း ကယားပြည်နယ်အသင်းကိုလည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းကိုလည်းကောင်း ကျော်ဖြတ်ကာ ပထမဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ရခိုင်ပြည်နယ် ခရစ်ကက်အားကစားအသင်း (အမျိုးသမီး) အနေဖြင့် အုပ်စုတွင်းပွဲစဉ်များတွင် ရှမ်း၊ ဧရာဝတီ၊ နေပြည်တော်၊ ကယား၊ မန္တလေး စသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်တွင် မကွေးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း ရင်ဆိုင်ကျော်ဖြတ်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယဆုသာ ရရှိခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် ခရစ်ကက်အားကစားအသင်း (အမျိုးသား) အနေဖြင့် ၂၀၁၇ ခုနှစ်တွင် ပထမ၊ ၂၀၁၈ ခုနှစ်တွင် တတိယဆုတို့ကိုလည်းကောင်း၊ အမျိုးသမီးအသင်းအနေဖြင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ပထမဆုကိုလည်းကောင်း နှစ်နှစ်ဆက်ရရှိခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ဓာတ်ပုံ-ဇင်ဦး(မြန်မာ့အလင်း)**

# သပိတ်ကျင်းမြို့နှင့် မော်လိုက်မြို့တို့အနီး၌ ငလျင်များလှုပ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မြန်မာစံတော်ချိန် ၂၁ နာရီ ၀၉ မိနစ် ၁၃ စက္ကန့်အချိန်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အရှေ့ဘက် ၃၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့မြောက်ဘက် ၂၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၁၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၁ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မြန်မာစံတော်ချိန် ၂၂ နာရီ ၃၅ မိနစ် ၀၃ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၇၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အနောက်ဘက် ၂၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၆၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၈ ဒီဂရီ၊ အနက် ၃၈ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

ငွေကြည် လောကကြီးမှာဗျာ




# သတင်းထောက်သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ရာထူးမှနုတ်ထွက်ရန် မော်လ်တာဝန်ကြီးချုပ် ဖိအားပေးခံရ

**ဗယ်လတ္တာ နိုဝင်ဘာ ၂၈**

သတင်းထောက်တစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က သူ၏လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားများကို စုံစမ်းစစ်ဆေးမှု လုပ်ဆောင်လျက်ရှိရာ မော်လ်တာဝန်ကြီးချုပ် ဂျိုးဆက်မတ်စကတ်မှာ ရာထူးမှနုတ်ထွက်ရန် ပို၍ဖိအားပေးခံနေရသည်။



ဆန္ဒပြသူများသည် ယမန်နေ့ညက ဗယ်လတ္တာမြို့တော်ရှိ လွှတ်တော်အဆောက်အအုံကို ဝန်းရံခဲ့ပြီး ဝန်ကြီးချုပ်အား ချက်ချင်းရာထူးမှ နုတ်ထွက်ရန် တောင်းဆိုခဲ့သည်။ လူသတ်မှုစုံစမ်းစစ်ဆေးခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဝန်ကြီးချုပ် ဂျိုးဆက်၏ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူ ကိတ်ရှန်ဘရီကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း ဒေသန္တရမီဒီယာများက ရေးသားခဲ့ပြီးနောက် ယခုအခြေအနေဖြစ်လာခဲ့ခြင်းဖြစ်သည်။ သတင်းထောက် ဒါဖင်ကာရူနာဂါလီဇာမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ကားဗုံးဖောက်ခွဲမှုတစ်ခုအတွင်း သေဆုံးခဲ့သည်။ နာဂါလီဇာမှာ ဝန်ကြီးချုပ်၏ ဆွေမျိုးသားချင်းများက ငွေကြေးသိုဝှက်မှုအပါအဝင် နိုင်ငံရေးဆိုင်ရာ အကျင့်ပျက်ခြစားမှုများကို နှစ်ပေါင်း ၃၀ ကြာ ဖော်ထုတ်ရေးသားခဲ့သူဖြစ်သည်။

ရှန်ဘရီမှာ ရာထူးမှ နုတ်ထွက်သွားပြီဟု မတ်စကတ်က နိုဝင်ဘာ ၂၆ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ခရီးသွားလုပ်ငန်းဝန်ကြီးမှာလည်း ရာထူးမှနုတ်ထွက်ခဲ့ကြောင်း ဒေသန္တရမီဒီယာများက ရေးသားခဲ့သည်။ စုံစမ်းစစ်ဆေးမှုပြီးစီးချိန်အထိ တာဝန်ထမ်းဆောင်မှုရပ်ဆိုင်းမည်ဟု စီးပွားရေးဝန်ကြီး ခရစ်ကာဒိုနာက ကြေညာခဲ့သည်။ မဖြေရှင်းရသေးသော လူသတ်မှုနှင့်ပတ်သက်သည့် အချက်အလက်များပေးရန် ရဲတပ်ဖွဲ့က ကာဒိုနာထံ အကူအညီတောင်းခဲ့သည်။ ယခုလအစောပိုင်းတွင် ကြားလူတစ်ဦးဟုဆိုသူကို ဖမ်းဆီးပြီးနောက် စုံစမ်းစစ်ဆေးမှုမှာ နောက်တစ်ဆင့်သို့ ရောက်ရှိလာခဲ့သည်။

ပြီးခဲ့သော သီတင်းပတ်ကလည်း မော်လ်တာ အစိုးရနှင့် အလွန်နီးကပ်မှုရှိသူဟု ဆိုသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို ဖမ်းဆီးခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# နေတိုးတပ်ဖွဲ့အား လေ့ကျင့်ပေးရန် အီရတ်သို့ တပ်ဖွဲ့ဝင် ၂၀၀ ကျော် ဒိန်းမတ်စေလွှတ်မည်

**ကိုပင်ဟေဂင် နိုဝင်ဘာ ၂၈**

စစ်မက်ဖြစ်ပွားရာ အီရတ်နိုင်ငံအတွင်း ဖြန့်ကြက်ထားသော နေတိုးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးကို ဦးဆောင်ရန်အတွက် ဒိန်းမတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်အား အီရတ်နိုင်ငံသို့ စေလွှတ်ရန် ဒိန်းမတ်အနေဖြင့် အဆင်သင့်ရှိကြောင်း ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီး ဂျက်ပီကိုဖို့ဒ်က နိုဝင်ဘာ ၂၆ ရက်တွင် ကြေညာသည်။

အီရတ်နိုင်ငံဆိုင်ရာ နေတိုးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားပေးမှု တာဝန်ဝတ္တရားများကို လာမည့်နှစ်ကုန်ပိုင်းမှစ၍ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းအထိ လွှဲပြောင်းရယူရန် မိမိတို့ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း ကိုဖို့ဒ်က ဒိန်းမတ်ပါလီမန်၏ နိုင်ငံခြားရေးမူဝါဒကော်မတီ အစည်းအဝေးအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

လက်ရှိတွင် အီရတ်နိုင်ငံ၌ ဖြန့်ကြက်ထားသော နေတိုးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးနှင့် စစ်ဆင်ရေးဆိုင်ရာ တာဝန်များကို ကနေဒါနိုင်ငံက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဒိန်းမတ်အစိုးရသည် လာမည့်သီတင်းပတ်အတွင်း လန်ဒန်မြို့၌ ကျင်းပရန် စီစဉ်ထားသော နေတိုးထိပ်သီးအစည်းအဝေးမတိုင်မီလေးမှာပင် ယခုကဲ့သို့ အီရတ်နိုင်ငံဆိုင်ရာ နေတိုးတပ်ဖွဲ့၏ စစ်ဆင်ရေးတာဝန်ကို ဦးဆောင်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံဆိုင်ရာ နေတိုးတပ်ဖွဲ့အား ဦးဆောင်ရန် ဒိန်းမတ်အစိုးရ၏ ကမ်းလှမ်းချက်သည် အစ္စလာမ္မစ်စစ်သွေးကြွအုပ်စု နှိမ်နင်းရေးနယ်ပယ်တွင် အထောက်အကူပြုမည်ဖြစ်သလို အီရတ်နိုင်ငံအတွင်း အကြမ်းဖက်သမားများ၏ လုံခြုံရေးခြိမ်းခြောက်မှုများအား ကိုင်တွယ်ဖြေရှင်းရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ကိုဖို့ဒ်က ထပ်မံပြောကြားသည်။

ဒိန်းမတ်အစိုးရ၏ အဆိုပြုချက်ကို လန်ဒန်မြို့တွင် ကျင်းပပြုလုပ်မည့် နေတိုးအဖွဲ့၏ ထိပ်သီးအစည်းအဝေးတွင် တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်က အရှေ့အလယ်ပိုင်း ဒေသ၌ အိုင်အက်စ်စစ်သွေးကြွအုပ်စု ထွက်ပေါ်လာခဲ့ချိန်ကတည်းက အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် ၎င်း၏တပ်ဖွဲ့ဝင် ၇၈၇၀ ခန့် ဖြန့်ကြက်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# အီရတ်နိုင်ငံဆိုင်ရာ အီရန်ကောင်စစ်ဝန်ရုံး မီးရှို့ခံရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၈**
နာဂျာ့ဗ်မြို့တွင် ညမထွက်ရအမိန့်ထုတ်ပြန်နေလင့်ကစား ဒေါသထွက်နေသော ဆန္ဒဖော်ထုတ်သူများက အီရတ်နိုင်ငံ နာဂျာ့ဗ်မြို့ အခြေစိုက် အီရန်ကောင်စစ်ဝန်ရုံးကို နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း အီရတ်လုံခြုံရေးသတင်းရင်းမြစ်က ဖော်ပြထားသည်။

ဒါဇင်နှင့် ချီသော ဆန္ဒဖော်ထုတ်သူများသည် အီရတ်နိုင်ငံဆိုင်ရာ အီရန်ကောင်စစ်ဝန်ရုံး၏ အပြင်ဘက်တွင် ညနေပိုင်းက စုရုံးခဲ့ကြပြီး ကောင်စစ်ဝန်ရုံးဝင်းထဲသို့ ချိုးဖောက်ဝင်ရောက်ကာ အဆောက်အအုံကို မီးတင်ရှို့ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရန်ကောင်စစ်ဝန်ရုံးရှိ ဝန်ထမ်းများသည် ဆန္ဒဖော်ထုတ်သူများ၏ တိုက်ခိုက်မှုမခံရမီ အဆိုပါရုံးမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။



အီရတ်နိုင်ငံ၏မြို့တော် ဘဂ္ဂဒက်မြို့မှ ကီလိုမီတာ ၁၆၀ ခန့်အကွာတွင် တည်ရှိသော နာဂျာ့ဗ်မြို့ရှိ အာဏာပိုင်များသည် အီရန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံခဲ့ရပြီးနောက် ယင်းနေ့ညမှစ၍ နာဂျာ့ဗ်မြို့တွင် အကန့်အသတ်မရှိ ညမထွက်ရ အမိန့်ထုတ်ပြန်ကြေညာခဲ့ကြောင်း သတင်းရင်းမြစ်က ထပ်မံဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် နာဂျာ့ဗ်ပြည်နယ် အုပ်ချုပ်ရေးမှူးက လုံခြုံရေး၊ ကျန်းမာရေးနှင့် အခြားပြည်သူ့ဝန်ဆောင်မှုဌာနများမှအပ အစိုးရရုံးအားလုံးတွင် လုပ်ငန်းရပ်ဆိုင်းထားကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ကြေညာလိုက်သည်။ အစိုးရဆန့်ကျင်သော ဆန္ဒဖော်ထုတ်သူများက ပြည်နယ်အတွင်းရှိ လမ်းမကြီးများကို ပိတ်ဆို့ထားသောကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက အစိုးရရုံးများရှိ လုပ်ငန်းများကို ရပ်ဆိုင်းရန် ကြေညာခဲ့ခြင်းဖြစ်သည်။

အိမ်နီးချင်း အီရန်နိုင်ငံက အီရတ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး အီရတ်နိုင်ငံအတွင်း အကျင့်ပျက်ခြစားမှုများကို ဖြစ်ပေါ်စေနေသောကြောင့် အီရတ်ဆန္ဒဖော်ထုတ်သူများအနေဖြင့် အီရန်နိုင်ငံကို ပြစ်တင်ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

အောက်တိုဘာလ အစောပိုင်းမှစ၍ မြို့တော်ဘဂ္ဂဒက်နှင့် အီရတ်နိုင်ငံ အလယ်ပိုင်းနှင့်တောင်ဘက်ရှိ မြို့ကြီးများတွင် နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှု အကြီးအကျယ်ပြုလုပ်ပေးရန်၊ အကျင့်ပျက်ခြစားမှုအတွက် တာဝန်ခံမှု၊ ပြည်သူ့ဝန်ဆောင်မှုနှင့် အလုပ်အကိုင်အခွင့်အရေးများ တိုးမြှင့်ပေးရေးအတွက် အစိုးရအားတောင်းဆိုပြီး လူထုဆန္ဒဖော်ထုတ်မှုများ ဆက်လက်ဖြစ်ပွားနေစဉ် ဆန္ဒဖော်ထုတ်သူများက အီရတ်နိုင်ငံဆိုင်ရာ အီရန်ကောင်စစ်ဝန်ရုံးကို ယခုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

---



## ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုအသစ် တရုတ် အောင်မြင်စွာလွှတ်တင်

**တိုင်ယွမ် နိုဝင်ဘာ ၂၈**
တရုတ်နိုင်ငံသည် နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးဌာနမှ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုအသစ်တစ်လုံးကို ကြာသပတေးနေ့ ပေကျင်းစံတော်ချိန် နံနက် ၇ နာရီ ၅၂ မိနစ်တွင် အာကာသအတွင်းသို့ လွှတ်တင်ခဲ့သည်။ လောင်းမာ့ချ် –၄ စီ ဒုံးပျံယာဉ်ဖြင့် လွှတ်တင်ခဲ့သည့် ဂေါင်ဖန်း–၁၂ ဂြိုဟ်တုသည် စီစဉ်သတ်မှတ်ထားသည့် ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်ခဲ့သည်။ ဤလွှတ်တင်မှုသည် လောင်းမာ့ချ် ဒုံးပျံယာဉ်များ၏ အကြိမ် ၃၂၀ မြောက် ခရီးစဉ်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ကမ္ဘာမြေလေ့လာရေး စီမံကိန်းအစိတ်အပိုင်းတွင် ပါဝင်သည့် မိုက်ခရိုဝေ့အဝေးထိန်း အာရုံခံစနစ်ပါရှိသည့် ဤဂြိုဟ်တုသည် ကြည်လင်ပြတ်သားသည့် ရုပ်ပုံများကို ကမ္ဘာမြေသို့ ပေးပို့နိုင်သည်။

ဂေါင်ဖန်း–၁၂ ဂြိုဟ်တုကို မြေတိုင်းတာခြင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ လမ်းကွန်ရက်ဒီဇိုင်းရေးဆွဲခြင်း၊ သီးနှံအထွက်နှုန်းခန့်မှန်းခြင်းနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးဆောင်ရွက်ခြင်းတို့တွင် အသုံးပြုမည်ဖြစ်သည်။ ၎င်းအပြင် ယင်းဂြိုဟ်တုသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းလမ်းကြောင်းတစ်လျှောက် စီမံကိန်းများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

ဂေါင်ဖန်း–၁၂ ဂြိုဟ်တုနှင့် ဂြိုဟ်တုသယ် ဒုံးပျံယာဉ်နှစ်ခုစလုံးကို တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းလက်အောက်ရှိ ရှန်ဟိုင်းအာကာသယာဉ် နည်းပညာအကယ်ဒမီက တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ဇော်လင်း**

---

## ဟောင်ကောင်လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဥပဒေ အမေရိကန် လက်မှတ်ထိုးမှုကို တရုတ်နိုင်ငံက ပြတ်ပြတ်သားသား ဆန့်ကျင်

**ပေကျင်း နိုဝင်ဘာ ၂၈**
ဟောင်ကောင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအက်ဥပဒေ ၂၀၁၉ ကို အမေရိကန်နိုင်ငံက လက်မှတ်ထိုးပြဋ္ဌာန်းမှုအပေါ် တရုတ်အစိုးရနှင့် ပြည်သူများက ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

**ပြင်းပြင်းထန်ထန် ဆန့်ကျင်**

ယင်းသို့ ဆောင်ရွက်ခြင်းသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် ဟောင်ကောင်အရေးတွင် ပြင်းပြင်းထန်ထန် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ကြောင်း၊ ၎င်းဆောင်ရွက်ချက်သည် နိုင်ငံတကာဆက်ဆံရေး အခြေခံစံနှုန်းများနှင့် နိုင်ငံတကာဥပဒေကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်းလည်းဖြစ်ကြောင်း၊ တရုတ်အစိုးရနှင့် ပြည်သူများသည် ပြောင်ပြောင်တင်းတင်းခြယ်လှယ်သည့် ယင်းလုပ်ရပ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမေရိကန် နိုင်ငံအနေဖြင့် လမ်းမှားကို ဆက်မလျှောက်ရန် မိမိတို့ တိုက်တွန်းကြောင်း သို့မဟုတ်ပါက တရုတ်နိုင်ငံက တန်ပြန်အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အကျိုးဆက်များကို အမေရိကန်နိုင်ငံက တာဝန်ယူရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**အသိပေးကြေညာ**

ဟောင်ကောင်သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ ဟောင်ကောင်အရေးသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးဖြစ်ကြောင်းနှင့် မည်သည့်တိုင်းတစ်ပါးအစိုးရ သို့မဟုတ် အင်အားစုကမျှ ဝင်ရောက်စွက်ဖက်၍မရကြောင်း အမေရိကန်ကို မိမိတို့ အသိပေးကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယင်းဥပဒေသည် ဟောင်ကောင်ဒေသခံများအပါအဝင် တရုတ်လူမျိုးများအပေါ် အမေရိကန်နိုင်ငံ၏ မလိုမုန်းထားမှုနှင့် ခြယ်လှယ်လိုသည့် သဘောကို ပိုမိုဖော်ထုတ်ပြကြောင်း၊ တရုတ်ပြည်သူများသည် ပို၍စည်းလုံးညီညွတ်စွာ ရပ်တည်မည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ အားထုတ်မှုများသည် ကျဆုံးမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ဟောင်ကောင်အရေးတွင် ဝင်ရောက်စွက်ဖက်သည့် ပြင်ပအင်အားစုများကို ဆန့်ကျင်ရန် သန္နိဋ္ဌာန်ချထားပြီး နိုင်ငံအချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့်ဖွံ့ဖြိုးရေးတို့ကို စောင့်ရှောက်ကာကွယ်လျက် တစ်နိုင်ငံစနစ်နှစ်ခုမူဝါဒကို အကောင်အထည်ဖော်လျက်ရှိသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အောင်ဇော်လင်း**




---

## အမျိုးအမည်မသိရသော ဒုံးကျည်နှစ်စင်း မြောက်ကိုရီးယား ပစ်လွှတ်

**ဆိုးလ် နိုဝင်ဘာ ၂၈**
မြောက်ကိုရီးယားနိုင်ငံသည် အမျိုးအမည်မသိရသော ဒုံးကျည် နှစ်စင်းကို အရှေ့ပင်လယ် သို့မဟုတ် ဂျပန်ပင်လယ်ထဲသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ယနေ့ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ ဒုံးကျည်နှစ်စင်းကို ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၉ မိနစ်ခန့်က နိုင်ငံ၏အရှေ့ဘက် တောင်ဟမ်ချောင်ပြည်နယ်မှ အရှေ့ဘက်ရေပြင်သို့ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ဖော်ပြထားသည်။

တောင်ကိုရီးယားတပ်မတော်သည် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိသလို ဖြစ်လာနိုင်ခြေရှိသည့် နောက်ထပ်ပစ်လွှတ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ကာကွယ်ရေးအနေထားကို ထိန်းသိမ်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ယခု ဒုံးကျည်ပစ်လွှတ်မှုသည် အောက်တိုဘာ ၃၁ ရက်က အရှေ့ရေပြင်သို့ ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ပြီးနောက် တစ်လခန့်အကြာတွင် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည် ၁၃ ကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**


နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ယာဉ်စစ်ဆေးဆောင်ရွက်နေစဉ် ၁၂ ဘီး လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲအုပ်သက်နောင်ကျော်သည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် အေလာနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်၍ နေပြည်တော်လေဆိပ်လမ်းဆုံ မြို့ရှောင်လမ်းမတွင် ယာဉ်စစ်ဆေးဆောင်ရွက်စဉ် သာဝတ္ထိမှ ပျဉ်းမနားသို့ ယာဉ်မောင်း ဦးရဲမြင့် အေးသာယာမြို့သစ် တောင်ကြီးမြို့နယ်နေသူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်အား တားဆီးစစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပြသနိုင်ခြင်းမရှိသည့်အပြင် ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်တွင် ဟိုက်ဒရိုကလိုရစ်အက်စစ်ပလတ်စတစ်ပီပါ ၅၅ လုံးနှင့် သံပီပါအခွံ ရှစ်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် အေလာနယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းမြင့်ထွန်းက အမှုဖွင့်၍ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

**မြစ်ကြီးနား၊ ဟိုပုံး**

ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် စင်းဟောက်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၌ ဖြိုးနောင်(ခ)ဖြိုးဝေနောင် မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ အဆိုပါပူးပေါင်းအဖွဲ့သည် စင်းဟောက်ကျေးရွာအနီး ဒေသအခေါ် ခိုင်တောင်ကွေ့၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၌ ဖြိုးဝေအောင်မောင်းနှင်ပြီး မထုရင်(ခ)တိန်ဖန်ထု လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက်ပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာအနီး ဒေသအခေါ် ဟိုးပုံးရေထွက်နတ်စင်ရှေ့ ဟိုပုံး-လွိုင်လင်သွားကားလမ်း၌ မောင်တိုး(ခ)ဖိုးတိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၃ ဒသမ ၉ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ရဲမြင့်(ခ)မိုဟာမက်အား သိမ်းဆည်းရမိသည့် ဟိုက်ဒရိုကလိုရစ်အက်စစ်များနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**



## တီးတိန်နှင့် ထန်တလန်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂၈**

ချင်းပြည်နယ် တီးတိန်မြို့ စကောလမ်းရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် တီးတိန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲ၌ တီးတိန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဌေး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူ ၁၃၂ ဦးအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မိဘအုပ်ထိန်းသူများ သိသင့်သိထိုက်သည့် အချက်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့သည်။

အလားတူ ထန်တလန်မြို့နယ်ခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင် ထန်တလန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဇန်းမောက်မြို့နယ်အတွင်းရှိ သစ်မှောင်ခိုသမားများထံမှ ငွေကောက်သည့် ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦးကို တာဝန်မှ ရပ်ဆိုင်း

**ကသာ နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦးကို သစ်မှောင်ခိုသမားများထံမှ ငွေကောက်ယူသည်ဟုဆိုကာ တာဝန်မှရပ်ဆိုင်းခဲ့ကြောင်း ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနရုံးမှ စုံစမ်းသိရသည်။

ဇန်းမောက်မြို့နယ်အတွင်းရှိ နန်းညွှင်း၊ မူးသား၊ နန်းဇား၊ ရွှေကျောင်း၊ ဟဲကွီး၊ လိပ်စောနှင့် မကျီးကုန်းကျေးရွာ စသည့် ကျေးရွာ ခုနစ်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦးကို တာဝန်မှရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်။ ယင်းဒေသတွင် သစ်များကို တရားမဝင် ထုတ်လုပ်သယ်ဆောင်ရာတွင် ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ရပ်/ကျေး စာရေးများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးရေး အကြောင်းပြကာ ငွေကြေးတောင်းခံမှုများ ရှိနေကြောင်း သိရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ဦးအောင်သန်းမြင့် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့က စုံစမ်းစစ်ဆေးပြီးနောက် တွေ့ရှိချက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ရာမှ နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် (၂၄/၂၀၁၉) ဆုံးဖြတ်ချက်အရ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ နှင့်အညီ အရေးယူဆောင်ရွက်ရန် ခရိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများထံ အကြောင်းကြားစာ ပေးပို့ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများကို နိုဝင်ဘာ ၁၈ ရက် ရက်စွဲဖြင့် တာဝန်မှထုတ်ပယ်ကြောင်း ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကသာခရိုင်အတွင်း တရားမဝင်သစ် ဖမ်းဆီးရမိမှုအနေဖြင့် တန်ချိန် ၃၂၄၂ ဒသမ ၁၀၀၂ တန် ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း သစ်ဖမ်းဆီးရမိမှုအနေဖြင့် တန်ချိန် ၂၈၂၅ ဒသမ ၀၁၅၉ တန် ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနရုံးမှ သိရသည်။

**လူအောင်(ကသာ)**

❏

# ထန်းတပင်၌ လမ်းဖြတ်ကူးသူအမျိုးသမီးတစ်ဦး ယာဉ်တိုက်ခံရ၍ သေဆုံး

**ထန်းတပင် နိုဝင်ဘာ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ရေကျော်ကျေးရွာ (ထန်းတပင်-ကျူတော ကားလမ်းမ)တွင် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦး ယာဉ်တိုက်ခံရ၍ သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ထန်းတပင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ထန်းတပင်မြို့နယ် ကျူတောမှ ထန်းတပင်သို့ ယာဉ်မောင်း ဝင်းနိုင် ပေါင်းတည်မြို့နေသူ မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် ထန်းတပင်-ကျူတောကားလမ်းမ အတွင်းရေကျော်ကျေးရွာအရောက်၌ လမ်းဖြတ်ကူးသူ ဒေါ်တင်လှိုင်(၆၅)နှစ် အတွင်းရေကျော်ကျေးရွာနေသူအား တိုက်မိခဲ့ရာ ဒေါ်တင်လှိုင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် အင်းစိန်ပြည်သူ့ဆေးရုံ၌ ဆေးကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ထန်းတပင်မြို့မရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဝင်းနိုင်အား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးကူးစက်လောင် နေအိမ်နှစ်လုံးနှင့် နွားတင်းကုပ်နှစ်လုံးဆုံးရှုံး

**ဟသ်ာတ နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် စစ်ကုန်းလေးကျေးရွာ၌ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကုန်းလေးကျေးရွာနေ ခင်ပွန်းဖြစ်သူ အလုပ်သွားရောက်လုပ်ကိုင်နေပြီး နေအိမ်တွင် ဒေါ်စန္ဒာမိုး တစ်ဦးတည်းရှိနေစဉ် နေအိမ် မီးဖိုချောင်ရှိ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် သွပ်မိုး၊ ပျဉ်ခင်းနေအိမ်အား မီးကူးစက်လောင်ခဲ့ပြီး နေအိမ်ဝဲဘက် တစ်ခြံတည်းရှိ သွပ်မိုး၊ ပျဉ်ခင်းနေအိမ်၊ ဝါး၊ ဓနိမိုး နွားတင်းကုပ်နှင့် နေအိမ်ခြံဘေးကပ်ရှိ ဝါး၊ ဓနိမိုး နွားတင်းကုပ်တို့ မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရပြီး မီးပေါ့ဆစွာအသုံးပြုသူ စန္ဒာမိုးအား သက်ဆိုင်ရာတာဝန်ရှိသူများက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းတွင် ရပ်ထားသော ယာဉ်အား ကုန်တင်ယာဉ်ဝင်တိုက်၊ ယာဉ်မောင်း သေဆုံး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်း မိုင်တိုင်(၃၈/၂) အနီးတွင် နိုဝင်ဘာ ၂၈ ရက် နံနက် ၆ နာရီက လမ်းဘေးချရပ်ထားသည့်ယာဉ်အား ကုန်တင်ယာဉ်က နောက်မှဝင်တိုက်မိပြီး အဆိုပါယာဉ်မောင်းမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုတိယရဲအုပ်အောင်အောင်ဦးသည် လက်ပံပျားကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ မိတ္ထီလာ-ကျောက်ပန်းတောင်းသွားကားလမ်း မိုင်တိုင်(၃၈/၂)အနီးတွင် မိတ္ထီလာမှ ကျောက်ပန်းတောင်းသို့ ယာဉ်မောင်း အောင်လွင် ကြံစို့ကျေးရွာ ကျောက်ပန်းတောင်းမြို့နေသူ မောင်းနှင်လာသည့် တွဲယာဉ်သည် လမ်းဘေးချရပ်စဉ် ယာဉ်မောင်း တင်စိုးဝင်း ရေချိုကျေးရွာ မိတ္ထီလာမြို့နယ်နေသူ မောင်းနှင်လာသည့် ကုန်တင်ယာဉ်က နောက်မှဝင်တိုက်ခဲ့ရာ ကုန်တင်ယာဉ်မောင်း တင်စိုးဝင်းမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လက်ပံပျားနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့နှင့် ချင်းပြည်နယ် တွန်းဇံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၁၄၈ ဧက ခန့် ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်က ကောင်ထိုကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း စုစုပေါင်း ၃၅ ဒသမ ၅ ဧကခန့်နှင့် ခန္ဓဲကျေးရွာ အနောက်တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း စုစုပေါင်း ၂၇ ဧကခန့်တို့အား ဖျက်ဆီးခဲ့သည်။

အလားတူ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ၏ တောင်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့် တစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း စုစုပေါင်း ၁၅ ဧကခန့်၊ ဖယ်ခုံမြို့နယ် ဆိုင်ခွန်ကျေးရွာအရှေ့ဘက် တစ်မိုင်ခွဲခန့်အကွာနှင့် အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာတို့၌ အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၂၆ ဧကခန့်၊ ဆီဆိုင်မြို့နယ် ပချားကလို့ကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း စုစုပေါင်း ၁၈ ဧကခန့်၊ မိုင်းပန်မြို့နယ် ပန်ပိကျေးရွာအနီး၌ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း တစ်ဧကခန့်နှင့် မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအနီး အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း စုစုပေါင်း ၇ ဒသမ ၅ ဧကခန့်တို့အား သက်ဆိုင်ရာ ရဲတပ်ဖွဲ့များက အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။



ထို့ပြင် ချင်းပြည်နယ် တွန်းဇံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အန်းလွန်းကျေးရွာ၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့် ဘိန်းစိုက်ခင်း စုစုပေါင်း ၁၈ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# သက်သေခံပစ္စည်းစီတန်းပြသခြင်းဟူသည်

မောင်စာဂ



ရာဇဝတ်မှုခင်းများတွင် သက်သေခံပစ္စည်းများကို မှတ်မိခြင်း ရှိ-မရှိ ပစ္စည်းစီတန်းပြသခြင်း ပြုမူဆောင်ရွက်ရသည့်အခါမျိုး ကြုံတွေ့ရတတ်သည်။ အဘယ်ကြောင့် သက်သေခံပစ္စည်းကို စီတန်းပြသမှု ပြုရသနည်း။ ဘယ်နည်းဘယ်ပုံဆောင်ရွက်ရသနည်း။ ဗဟုသုတအလို့ငှာ မျှဝေပါရစေ။

**သက်သေခံပစ္စည်းစီတန်းပြသရခြင်း၏ရည်ရွယ်ချက်**

သက်သေခံပစ္စည်းကို မှတ်မိခြင်း ရှိ-မရှိ ပစ္စည်းစီတန်းပြသခဲ့ခြင်းမပြုဘဲ သက်သေတစ်ဦးက သက်သေခံပစ္စည်းသည် ပြစ်မှုနှင့်ပတ်သက်ကြောင်း စွပ်စွဲထွက်ဆိုလာလျှင် ထိုထွက်ဆိုချက်မျိုးကို အထောက်အကူပြုသည့် သက်သေခံချက်မရှိဘဲ သက်သေ၏တရားရုံးရှေ့ ထွက်ဆိုချက်တစ်ခုတည်းအရ တရားခံအား အပြစ်ပေးရန် သင့်မည်မဟုတ်ပေ။ သို့ဖြစ်၍ သက်သေတစ်ဦးသည် သက်သေခံပစ္စည်းကို အမှန်တကယ်မှတ်မိခြင်း ရှိ-မရှိ သိရှိနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

**သက်သေခံပစ္စည်း စီတန်းပြသရန်လိုအပ်ခြင်း**

သက်သေခံပစ္စည်း စီတန်းပြခြင်းကို အထူးသဖြင့် ဓားပြတိုက်မှု၊ လုယက်မှု၊ ခိုးမှု စသည့်အမှုများတွင် သက်သေခံပစ္စည်းကို စီတန်းပြသခြင်း ပြုလုပ်ရလေ့ရှိသည်။ ဓားပြမှု၊ လုယက်မှု၊ ခိုးမှုများ ဖြစ်ပွားပြီးနောက် ဓားပြတိုက်ခံရသောပစ္စည်း၊ လုယက်ခံရသောပစ္စည်း၊ အခိုးခံရသောပစ္စည်းများကို သက်သေခံပစ္စည်းများအဖြစ် ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ထိုသို့သောအခါမျိုးတွင် ထိုသက်သေခံပစ္စည်းသည် ဓားပြတိုက်ယူသွားသော ပစ္စည်း၊ လုယက်သွားသောပစ္စည်း၊ အခိုးခံရသောပစ္စည်း ဟုတ်-မဟုတ်၊ မှန်-မမှန် သက်သေအား ပစ္စည်းစီတန်းပြသမှု ပြုလုပ်ရသည်။

အနှစ်ချုပ်အားဖြင့် သက်သေခံပစ္စည်းသည် ပြစ်မှုနှင့်ပတ်သက်သောပစ္စည်း ဟုတ်-မဟုတ်၊ မှန်-မမှန် သက်သေအား ပစ္စည်းစီတန်းပြသရန် လိုအပ်သည့်အခြေအနေပေါ်ပေါက်လာလျှင် သက်သေခံပစ္စည်းကို စီတန်းပြသခြင်း ပြုရသည်။

**ဆောင်ရွက်ရမည့်နည်းလမ်း**

သက်သေခံပစ္စည်းများကို အလားတူပစ္စည်းများနှင့် ရောနှောပြသရပါမည်။ အလားတူ အခြားပစ္စည်း မည်ရွေ့မည်မျှနှင့် ရောနှောပြသရမည်ဟု သတ်မှတ်ထားခြင်း မရှိပါ။ သို့ရာတွင် စွပ်စွဲပြသသူ သက်သေသည် သက်သေခံပစ္စည်းကို အမှန်တကယ်မှတ်မိခြင်းမရှိဘဲ ကံအားလျော်စွာ စွဲဆိုပြသခြင်း မပြုနိုင်စေရန် ရောနှောပြရမည့် ပစ္စည်းအရေအတွက်သည် အသင့်အတင့်များရန် လိုအပ်သည့်အပြင် သက်သေခံပစ္စည်းနှင့် အတော်အတန်ဆင်တူယိုးမှားဖြစ်ဖို့လည်းလိုသည်။ အနည်းဆုံး ပစ္စည်းသုံးခုနှင့် ရောနှောပြရန် သင့်ပါသည်။ တစ်ကြိမ်လျှင် သက်သေခံပစ္စည်းတစ်ခုသာ ပြရပါမည်။

**သတိပြုရမည့်အချက်**

ပစ္စည်းကိုမပြမီ စွပ်စွဲပြသသူ သက်သေအား ပစ္စည်းကို မှတ်မိလောက်အောင် ထူးခြားသောအမှတ်အသား ရှိ-မရှိ သို့မဟုတ် ယေဘုယျပုံသဏ္ဌာန်ကိုကြည့်၍ စွဲဆိုပြသမည်လားစသည်ဖြင့် မေးမြန်းရပါမည်။ သက်သေခံပစ္စည်းကို နေရာအထားအသိုပြောင်း၍ စွပ်စွဲပြသသူ သက်သေအား (၃)ကြိမ်တိုင်တိုင် စီတန်းပြရပါမည်။

**အသုံးပြုရမည့်ပုံစံနှင့် ဖြည့်သွင်းနည်း**

သက်သေခံပစ္စည်းကို မှတ်မိခြင်းရှိ-မရှိ ပစ္စည်းစီတန်းပြသရာတွင် ပုံစံ (၉၉) ကို အသုံးပြုရပါမည်။ သက်သေခံပစ္စည်းများသည် တစ်ခုထက်ပိုလျှင် ပစ္စည်းတစ်ခုစီအတွက် ပုံစံ (၁) ရွက်စီ အသုံးပြုရပါမည်။ ပုံစံ၏အထက်ပိုင်း ကွက်လပ်များတွင် သက်သေခံပစ္စည်းများကို ပြသသည့်နေ့ရက်၊ နေရာနှင့် စွပ်စွဲပြသသူ သက်သေ၏အမည်တို့ကို အသီးသီးရေးသွင်းရန်ဖြစ်သည်။

ပုံစံ၏ ပထမအပိုဒ်ဘေးရှိ ကွက်လပ်တွင် စွပ်စွဲပြသရန်ဖြစ်သော သက်သေခံပစ္စည်းကို ရေးသွင်းရန်ဖြစ်သည်။ ပုံစံ၏ ဒုတိယစာပိုဒ်ဘေးရှိ ကွက်လပ်တွင် သက်သေခံပစ္စည်းနှင့် ရောနှောပြသမည့် အခြားအလားတူပစ္စည်းများ၏ အရေအတွက်ကို ဖော်ပြရန်ဖြစ်သည်။ ပုံစံ၏ တတိယစာပိုဒ်ဘေးရှိ ကွက်လပ်တွင် ရောနှောပြသသော ပစ္စည်းများသည် သက်သေခံပစ္စည်းကိုမှတ်မိကြောင်း စွပ်စွဲပြသရာ၌ တရားသဖြင့် ဖြစ်လောက်အောင် အလားတူ-မတူကို ရေးသွင်းရန်ဖြစ်သည်။

ပုံစံ၏ စတုတ္ထအပိုဒ်နံဘေးရှိ ကွက်လပ်တွင် ပစ္စည်းများကို မပြသမီ သက်သေအား မိမိ၏ပစ္စည်းကို အထူးအမှတ်အသားအားဖြင့် လည်းကောင်း၊ သို့မဟုတ် သာမည ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း မှတ်မိခြင်း ရှိ-မရှိ မေးမြန်း၍ သူ၏ဖြေကြားချက်ကို ရေးသွင်းရန်ဖြစ်သည်။ ပုံစံ၏ ပဉ္စမစာပိုဒ်နံဘေးရှိ ကွက်လပ်တွင် သက်သေခံပစ္စည်းကို မဆွဲပြမီ မည်သည့်အခါကနောက်ဆုံးမြင်ခဲ့ကြောင်းကို သက်သေအားမေးမြန်း၍ သူ၏ဖြေကြားချက်ကို ရေးသွင်းရန်ဖြစ်သည်။

ပုံစံ၏ ဆဋ္ဌမစာပိုဒ်ဘေးရှိ ကွက်လပ်တွင် သက်သေခံပစ္စည်းကို စွပ်စွဲပြသသူ သက်သေအား စီတန်းပြသရာ၌ ထိုပစ္စည်းကို စွပ်စွဲပြသနိုင်ခြင်း ရှိ-မရှိ ရေးသားရန်ဖြစ်သည်။ (၃) ကြိမ်စီတန်းပြသရာတွင် (၃) ကြိမ်စလုံး မှန်ကန်စွာ စွပ်စွဲပြသနိုင်ပါက ယင်းသို့ပြသနိုင်ကြောင်း ရေးသွင်းရန်ဖြစ်သည်။ သတ္တမစာပိုဒ်ဘေးရှိ ကွက်လပ်တွင် စွပ်စွဲပြသသည့်ပစ္စည်း၏ အကြောင်းအရာကို ဖော်ပြရန်ဖြစ်သည်။ ကြီးကြပ်သူသည် ပစ္စည်းများပြသခြင်းနှင့်ပတ်သက်၍ တရားရုံးရှေ့တွင် သက်သေခံသည့်အခါ တရားရုံးရှေ့ရှိ မည်သည့်ပစ္စည်းကို စွပ်စွဲပြသသူသက်သေက ရဲစုံစမ်းထောက်လှမ်းသည့် အချိန်ကာလတွင် စွပ်စွဲပြသနိုင်ခဲ့ကြောင်းကို ထွက်ဆိုပြသရန်လိုသည်။ ထို့ကြောင့် ယင်းသို့ ထွက်ဆိုပြသနိုင်ရန်အလို့ငှာ မိမိရှေ့တွင် သက်သေက စွပ်စွဲပြသနိုင်ခဲ့သောပစ္စည်းကို မှတ်မိရန်အတွက် ကြီးကြပ်သူက ထိုပစ္စည်း၏အကြောင်းအရာ အသေးစိတ်ကို မှတ်သားထားရန်လိုသည်။

အထက်ပါအတိုင်း ပုံစံတွင် ပစ္စည်းစီတန်းပြသခြင်းနှင့်ပတ်သက်၍ ကြီးကြပ်သူ၊ သို့မဟုတ် ကြီးကြပ်သူများကိုယ်တိုင် လိုအပ်ချက်များကို ရေးသားထည့်သွင်းပြီးနောက် ပစ္စည်းစီတန်းပြသခြင်းကို ကြည့်ရှုရန် ခေါ်ထားသည့် သက်သေလူကြီးများက လက်မှတ်ရေးထိုးပြီး ၎င်းတို့၏ ရာထူး၊ သို့မဟုတ် အလုပ်အကိုင်ကို ရေးသွင်းရမည်။

**ပစ္စည်းစီတန်းပြသခြင်း ပြုလုပ်ခြင်းဖြင့် ပြစ်မှုကျူးလွန်သူ အမှန်တကယ်ဟုတ်-မဟုတ် သုံးသပ်ဆုံးဖြတ်ရန် အားကောင်းသည့်ထောက်ခံချက် သက်သေခံချက်တစ်ရပ် ဖြစ်နေသောကြောင့် လိုအပ်သည့်အမှုများတွင် ပစ္စည်းစီတန်းပြသမှုပြုလုပ်ခြင်းသည် တရားစီရင်ရေးတွင် ခိုင်မာသော လုပ်ထုံးလုပ်နည်းကျင့်စဉ်အဖြစ် တည်လျက်ရှိနေ ...**

**ကြီးကြပ်သူအဖြစ်ဆောင်ရွက်ခြင်း**

သက်သေခံပစ္စည်းကို မှတ်မိခြင်းရှိ-မရှိ ပစ္စည်းစီတန်းပြသခြင်းများကို မည်သူမဆို ကြီးကြပ်ဆောင်ရွက်နိုင်သည်။ ဤကိစ္စများအတွက် တရားသူကြီးအဖွဲ့အား အကူအညီတောင်းခံလာပါက တရားသူကြီးအဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ တရားသူကြီးအဖွဲ့ဝင် မပါဝင်နိုင်သည့်ကိစ္စများတွင် တရားရေးဝန်ထမ်းတစ်ဦးဦးကဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်ကြောင်း ပြည်သူ့တရားသူကြီးအဖွဲ့က ၁၃-၁၀-၁၉၈၀ ပြည့်နှစ် ရက်စွဲဖြင့် ညွှန်ကြားချက်အမှတ် (၂၀) ကို ထုတ်ပြန်ခဲ့ဖူးသည်။

**မပြုမနေပြုရမည့်ကိစ္စမဟုတ်ပါ**

သက်သေခံပစ္စည်းကို မှတ်မိခြင်း ရှိ-မရှိ ပစ္စည်းစီတန်းပြသခြင်းပြုရန် လိုအပ်သည်ဟု ဥပဒေပြဋ္ဌာန်းထားခြင်း မရှိပါ။ သက်သေခံပစ္စည်း စီတန်းပြသသည့်ကိစ္စမှာ မပြုမနေရ ပြုလုပ်ရမည့်ကိစ္စ မဟုတ်ပါ။ သို့ရာတွင် ထိုသို့ သက်သေခံပစ္စည်း စီတန်းပြသခြင်းဖြင့် စွပ်စွဲခံရသည့် တရားခံ ပြစ်မှုကျူးလွန်သည် ဖြစ်သည်၊ မဖြစ်သည် ဆိုသောအချက်ကို ထောက်ခံချက်သက်သေ ရရှိနိုင်ရန်အတွက် လိုအပ်သည့်မှုခင်းများတွင် လူစီတန်းပြခြင်းကို ပြုမူဆောင်ရွက်ကြရသည်။

**မှုခင်းဖော်ထုတ်ခြင်းအစ သက်သေခံပစ္စည်းက**

ရာဇဝတ်မှုခင်းတစ်ခုဖြစ်ပွားလာလျှင် ယင်းမှုခင်း၏ ဖော်ထုတ်ခြင်းအစသက်သေခံပစ္စည်းကဟု ဆိုနိုင်သည်။ လူသတ်မှုများတွင် အခင်းဖြစ်ပွားရာနေရာ၌ ကျန်ရစ်ခဲ့သော ဖိနပ်၊ ဆေးလိပ်တို၊ မီးခြစ်၊ ဓာတ်မီး၊ တုတ်၊ ဓား စသည့်သက်သေခံပစ္စည်းများကို အခြေပြု၍လည်းကောင်း၊ ဓားပြမှု၊ လုယက်မှု၊ ခိုးမှုများတွင် သက်သေခံပစ္စည်းဖြစ်သည့် ရွှေထည်၊ လက်ဝတ်လက်စား၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို အခြေပြု၍လည်းကောင်း စုံစမ်းစစ်ဆေးရာမှ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

တွေ့ကြုံခဲ့ရဖူးသည့် ဖြစ်စဉ်သာဓကအချို့ဖော်ပြရလျှင် ၁၉၈၆ ခုနှစ်ပတ်ဝန်းကျင်ခန့်က ဓားပြမှုတစ်ခုတွင် အိမ်ရှင်အမျိုးသားက ဘီစကစ်မုန့်ပုံးထဲတွင်ထည့်ထားသော နှစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူများကိုထုတ်ပေးရာတွင် အနီးရှိ မင်အိုးကိုဖွင့်၍လက်နှိုက်ပြီး ငွေစက္ကူထုပ်များ၏ဘေးတွင် သုတ်၍ပေးလိုက်သည်။ တစ်ပတ်ခန့်အကြာတွင် အမျိုးသမီးနှစ်ဦးက ယင်းငွေစက္ကူထုပ်တစ်ထုပ်စီကိုင်ကာ ဈေးတွင်ဈေးဝယ်ရာမှ သိမ်းဆည်းရမိသည်။ အိမ်ရှင်အမျိုးသားက သူမင်တို့ပေးလိုက်သည့် ငွေစက္ကူများကို ပစ္စည်းတန်းစီပြသရာ၌ ဆွဲပြနိုင်ခြင်းကြောင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

ချိုးငှက် (တည်ချိုး) ကိုမွေး၍အခြားချိုးငှက်များကို ထောင်ကာ ဖမ်းဆီးလေ့ရှိသော အရပ်ဒေသတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်က ချိုးငှက်ခိုးမှုတစ်ခုကြုံတွေ့ခဲ့ဖူးသည်။ ချိုးငှက်ပိုင်ရှင်က သူ၏ချိုးငှက်(တည်ချိုး) သည် မည်သူ၏ထံတွင်ရှိနေသည်၊ သူ့ချိုးငှက်ကို သူက အသံပေး၍ လက်ညှိုးထိုးပေးလျှင် သူ၏လက်ညှိုးကို နှုတ်သီးဖြင့်ငုံထားတတ်ပါသည်ဟု ပြောဆိုတိုင်ကြားသည်။ အခြားချိုးငှက် ၁၀ ကောင်နှင့် ရောနှောစီတန်းပြသရာ သူ၏ချိုးငှက်ကိုဆွဲပြနိုင်သဖြင့် ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

**ခိုင်မာသောလုပ်ထုံးလုပ်နည်းကျင့်စဉ်**

ပစ္စည်းစီတန်းပြသခြင်းကို ပြုကိုပြုရမည်ဟု ဥပဒေပြဋ္ဌာန်းမထားသော်လည်း ပစ္စည်းစီတန်းပြသခြင်း ပြုလုပ်ခြင်းဖြင့် ပြစ်မှုကျူးလွန်သူ အမှန်တကယ်ဟုတ်-မဟုတ် သုံးသပ်ဆုံးဖြတ်ရန် အားကောင်းသည့်ထောက်ခံချက် သက်သေခံချက်တစ်ရပ်ဖြစ်နေသောကြောင့် လိုအပ်သည့်အမှုများတွင် ပစ္စည်းစီတန်းပြသမှုပြုလုပ်ခြင်းသည် တရားစီရင်ရေးတွင် ခိုင်မာသော လုပ်ထုံးလုပ်နည်းကျင့်စဉ်အဖြစ် တည်လျက်ရှိနေကြောင်းပါဗျာ။

- ❖ **ပစ္စည်းစီတန်းပြသခြင်းဖြင့် အမှုအတွက် အထောက်အကူပြုသည့် သက်သေခံချက် ရရှိနိုင်ပါစေ၊**
- ❖ **ပစ္စည်းစီတန်းပြသမှုပြုရာတွင် လုပ်ထုံးလုပ်နည်းကျင့်စဉ်များနှင့်အညီဖြစ်ကြပါစေ၊**
- ❖ **ခိုင်မာသည့်လုပ်ထုံးလုပ်နည်းကျင့်စဉ်များဖြင့် တရားစီရင်ရေးမဏ္ဍိုင် ခန့်ထည်မြဲနိုင်ကြပါစေ။**

**ရည်ညွှန်းချက်။ ။ပြည်သူ့တရားသူကြီးအဖွဲ့၏ ၁၃-၁၀-၁၉၈၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၂၀) နှင့် တရားရုံးများလက်စွဲအပိုဒ် (၆၁၈)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂ သဘောတူစာချုပ်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၈**
ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကော်မတီများကို တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်သည့် အတွက်ကြောင့် သက်ဆိုင်ရာဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့် ကလေးသူငယ်များရှေ့မှ မားမားမတ်မတ် ရပ်တည်ပြီး ကလေးသူငယ်တွေကိုဥပဒေနဲ့အညီကာကွယ်စောင့်ရှောက် ပေးကြရန် လိုအပ်ကြောင်းပြောသည်။



ထို့နောက် မူလတန်းကြိုကျောင်းများမှ သားငယ် သမီးငယ်များက တေးသီချင်းများဖြင့် သရုပ်ဖော် သီဆိုဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## အမျိုးသမီးနှင့်ကလေးများ ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်ပွဲနှင့် လှူဒါန်းပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၈**
မန္တလေးတိုင်းဒေသကြီးအမျိုးသမီးကော်မတီနှင့် ယူနန်ပြည်နယ် အမျိုးသမီးနှင့် ကလေးသူငယ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော အမျိုးသမီးနှင့် ကလေးများ ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်ပွဲနှင့်လှူဒါန်းပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအမျိုးသမီးကော်မတီနာယက ဒေါက်တာခင်မိုးမိုးဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Ms. Li Li Bei နှင့် ယူနန်ပြည်နယ်အမျိုးသမီးကော်မတီ မှ ဒုတိယဥက္ကဋ္ဌ Ms. Ji Guanqin တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

၎င်းနောက် ယူနန်ပြည်နယ်အမျိုးသမီးကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများက တိုင်းဒေသကြီး အမျိုးသမီးကော်မတီသို့ လက်တော့ပ်တစ်လုံး၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်း ၁၁၅ ဖာနှင့် ကျောင်းသား ကျောင်းသူအသုံးအဆောင် ကျောပိုးအိတ် ၅၀၀ တို့အား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယကအဖွဲ့ဝင်များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ယူနန်ပြည်နယ်အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ဦးတို့သည် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယကအဖွဲ့ဝင်များနှင့်အတူ အဖွဲ့ သုံးဖွဲ့ခွဲကာ မန္တလေးမြို့ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ သူနာပြုတက္ကသိုလ်(မန္တလေး)၊ ကန်တက်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကလေးပြုစုရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် ဝေသာလီဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ သွားရောက်၍ အမျိုးသမီးနှင့် ကလေးများ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာများ ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ချစ်ကြည်ရေးဘောလုံးပွဲယှဉ်ပြိုင်ကစားရန် အား/ကာသိပ္ပံ (မန္တလေး)အမျိုးသမီးအသင်း မန္တလေးမြို့မှထွက်ခွာ

**မန္တလေး နိုဝင်ဘာ ၂၈**
အိန္ဒိယသမ္မတနိုင်ငံ မဏိပူရ်ပြည်နယ် အင်ဖာမြို့တွင် နိုဝင်ဘာ ၂၄ ရက်မှစတင်၍ ၃၀ ရက်အထိ ကျင်းပမည့် Sangail Festival 2019 ရိုးရာယဉ်ကျေးမှုပွဲတော်သို့ သွားရောက် ယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) အမျိုးသမီး ဘောလုံးအသင်းသည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက မန္တလေးမြို့မှ တမူးမြို့ ထိုမှ မဏိပူရ်ပြည်နယ် အင်ဖာမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုဝင်ဘာ ၃၀ ရက်တွင် ပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးအဖြစ် အိန္ဒိယနိုင်ငံကိုယ်စားပြု မဏိပူရ်ပြည်နယ်အမျိုးသမီး ဘောလုံးအသင်းနှင့် အင်ဖာမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ချစ်ကြည်ရေးဘောလုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံကိုယ်စားပြု အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အမျိုးသမီးဘောလုံးအသင်းတွင် (ကျောင်းအုပ်ကြီး)ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်ဦးဆောင်သော နည်းပြချုပ်(ဒုတိယကျောင်းအုပ်ကြီး) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ နည်းပြဒေါ်မြမြခိုင် (အားကစားမှူး) လက်ထောက်နည်းပြများဖြစ်ကြသည့် ဒေါ်နုနုခိုင်ဝင်း (အားကစားမှူး)၊ ဒေါ်အိမွန်ကျော်(အားကစားမှူး)၊ ဒေါ်ထက်သူသူ အေး(အားကစားမှူး)၊ ဆေးမှူး ဒေါ်စန္ဒီကျော်နှင့်အမျိုးသမီးဘောလုံးသမား ၂၀ တို့လိုက်ပါခဲ့ကြကြောင်းနှင့် အဆိုပါ ချစ်ကြည်ရေးအားကစားအဖွဲ့အား တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ပြည်ခရိုင်တွင် မြေအသုံးချရေးဆိုင်ရာ ဓာတ်ခွဲခန်းဖွင့်လှစ်

**ပြည် နိုဝင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၏ မြေအသုံးချရေးဆိုင်ရာ ဓာတ်ခွဲခန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ပြည်မြို့ ကွန်ပျူတာတက္ကသိုလ်ရှေ့ရှိ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တိုင်းဒေသကြီးအတွင်း မြေအသုံးချရေးဆိုင်ရာဓာတ်ခွဲခန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဓာတ်ခွဲခန်းနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်က ဓာတ်ခွဲခန်းဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများအကြောင်းကို ရှင်းလင်းတင်ပြသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

### သတင်းစုံကဏ္ဍ

## ကာမိုင်းမြို့၌ သုဂတိမဂ္ဂလူမှုကူညီရေးအသင်း ရုံးသစ်ဖွင့်

**ကာမိုင်း။** ။ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ သုဂတိမဂ္ဂလူမှုကူညီရေးအသင်း ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့မ(၂)ရပ်ကွက်ရှိ အဆိုပါရုံးသစ်တွင် ကျင်းပသည်။

သုဂတိမဂ္ဂလူမှုကူညီရေးအသင်းအား အသင်းဝင် ၆၀၊ လူနာတင်ယာဉ် သုံးစီး၊ Dead Body တင်ယာဉ်တစ်စီးဖြင့် စတင်ဖွဲ့စည်းခဲ့ကာ ကချင်ပြည်နယ်အတွင်းရှိ လူမှုကူညီရေးအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးဆွေးနွေး

**မယ်စဲ့။** ။ ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း) ထောက်ပံ့ငွေဖြင့် ကျေးရွာ ၁၀ ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီမှ အတည်ပြုညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးဦးအောင်အေးခန့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ကျေးရွာလူထုက ရွေးချယ်ထားသည့် လုပ်ငန်းများနှင့် ဌာနဆိုင်ရာများက ဆောင်ရွက်မည့်လုပ်ငန်းများထပ်မှုရှိ/မရှိစစ်ဆေးပြီးဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းပြောကြားကာ ကျေးရွာအုပ်စုများတွင် ရွေးချယ်ထားသောလုပ်ငန်းခွဲများကို အပြန်အလှန်သုံးသပ် ဆွေးနွေးညှိနှိုင်းအတည်ပြုကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လက်သမား၊ပန်းရန်လုပ်ငန်းအခြေခံကျွမ်းကျင်မှုသင်တန်းဖွင့်

**ပဲခူး။** ။ ပဲခူးတိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ BRCB(T)၏ စီစဉ်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(ပဲခူးတိုင်းဒေသကြီး)က ဦးဆောင်၍ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ် (၂)ရပ်ကွက် ဘုရင့်နောင်လမ်းတွင် လက်သမား၊ ပန်းရန်လုပ်ငန်း အခြေခံကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်သည်။

သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(ပဲခူးတိုင်းဒေသကြီး)က အသင်းဝင်ဆောက်လုပ်ရေးကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဌေးနိုင်(ပဲခူး)**

## နည်းပညာတတ်မြောက်မှု ပရိုဂရမ်များပြုလုပ်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၈**
Mytel နှင့် မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးပရဟိတအဖွဲ့ (MBAPF)တို့ ပူးပေါင်း၍ မြန်မာ နိုင်ငံ၏ တက္ကသိုလ် ၁၄ ခုတွင် ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ပရိုဂရမ်များပြုလုပ်ပေးရန် နားလည်မှု စာချွန်လွှာ လက်မှတ်ထိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

နားလည်မှု စာချွန်လွှာအရ Mytel သည် MBAPF အပြင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး တက္ကသိုလ် ၁၄ ခုရှိ ကျောင်းသား ကျောင်းသူပေါင်း ၄၉၅၅ ဦးအား သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ၂၀၁၉ ဒီဇင်ဘာလမှ ၂၀၂၀ ဇူလိုင်လအထိ တစ်လလျှင် သင်ခန်းစာနှစ်ခုနှုန်းဖြင့် ပို့ချပေးသွားမည်ဖြစ်သည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဝါရှင်တန်တက္ကသိုလ်မှ လူမှုအဖွဲ့အစည်း အသွင်ကူးပြောင်းရေးအစီအစဉ်တွင် အချက်အလက်ပိုင်းဆိုင်ရာနည်းဗျူဟာများလည်း သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ICT နှင့် Cloud Computing အား မိတ်ဆက်ခြင်း၊ Cloud Starages၊ Online လုံခြုံမှုနှင့် ဝေဖန်တွေးခေါ်မှုများ၊ Google သင်ခန်းစာများ၊ Youtube သင်ခန်းစာများ စသည်တို့ပါဝင်သည်။

ဒစ်ဂျစ်တယ်နှင့် သတင်းအချက်အလက်နည်းပညာပိုင်းဆိုင်ရာ သင်တန်း တစ်ခုစီတိုင်းကို ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)၊ ပြည်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မအူပင်)၊ နည်းပညာတက္ကသိုလ် (ဟင်္သာတ)၊ ပုသိမ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ပုသိမ်)၊ ပဲခူးတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်(မိုးညှင်း)၊ နည်းပညာတက္ကသိုလ်(ဘားအံ)၊ အစိုးရ နည်းပညာကောလိပ်(မြင်းခြံ)၊ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) နှင့် နည်းပညာ တက္ကသိုလ် (ချောက်) စသည့်တက္ကသိုလ်များမှ သက်ဆိုင်ရာ ဆရာ ဆရာမ ၃၀ တို့အား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း၊ ဟိန်းထက်ဇော်**




## အဆင့်မြင့်ပညာဦးစီးဌာနအဆင့် MPT University Football Tournament 2019 အမျိုးသားနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၈**
အဆင့်မြင့်ပညာဦးစီးဌာနအဆင့် MPT University Football Tournament 2019 အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ၂၇ ရက် ညနေ ၃နာရီက မန္တလာသီရိအားကစားကွင်းတွင် အထက်မြန်မာပြည်တက္ကသိုလ်(က)အသင်းနှင့် အောက်မြန်မာပြည်တက္ကသိုလ်(က) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက်မြန်မာပြည်တက္ကသိုလ်(က) အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အလားတူ ယင်းနေ့နံနက်ပိုင်းတွင်လည်း အဆိုပါအားကစားကွင်း၌ အောက်မြန်မာပြည်တက္ကသိုလ် အမျိုးသမီးအသင်းနှင့် အထက်မြန်မာပြည်တက္ကသိုလ်အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြရာ အောက်မြန်မာပြည်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

အမျိုးသားပြိုင်ပွဲချန်ပီယံ အထက်မြန်မာပြည်တက္ကသိုလ်အသင်းအား မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲချန်ပီယံ အောက်မြန်မာပြည်တက္ကသိုလ်အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်စီမံခန့်ခွဲရေးအရာရှိချုပ် ဦးဆုးအောင်ကလည်းကောင်း တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိကြသူများအား မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်း၊ MPT မန္တလေးမှ Regional Manager ဦးဌေးလှ၊ General Manager Mr.Sanbat၊ ရန်ကုန်တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မန္တလေးခရိုင်မှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဒလတံတားစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရေယာဉ်များအန္တရာယ်ကင်းရှင်းရေး ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**
မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားစီမံကိန်း၏ ရေပြင်ဆောက်လုပ်ရေး လုပ်ငန်းများဆောင်ရွက်နေစဉ် ရေလမ်းကြောင်းအန္တရာယ်ကင်းရှင်းပြီး ရေယာဉ်ငယ်များဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်တွင်းရေကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ တပ်မတော်(ရေ) နှင့် မြစ်တွင်းရေကြောင်းသွားရေယာဉ်အသင်းများမှ ကိုယ်စားလှယ်များဖြင့် ထည့်သွင်းဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ထို့အတူ ဒလတံတားတည်ဆောက်ရေးအဖွဲ့ကလည်းရေလမ်းကြောင်းရှင်းလင်းထိန်းသိမ်းရေးအဖွဲ့ ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

" တံတားတည်ဆောက်ရေးကာလ ရေပြင်မှာတည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အချိန် ဖြတ်သန်းသွားလာနေကြတဲ့ ရေယာဉ်တွေဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ဖို့ဆောင်ရွက်တာဖြစ်ပါတယ်။ လောလောဆယ်တော့ ဒီအဖွဲ့က ရေလမ်းကြောင်း အန္တရာယ်ကင်းရှင်းဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဒုတိယရေကြောင်းဌာနမှူးချုပ် ဦးဝင်းမြင့်အောင်က ပြောသည်။

ရေကြောင်းပြမှူးလိုက်ပါမောင်းနှင်သည့် ပင်လယ်ကူးသင်္ဘော ဖြတ်သန်းမောင်းနှင်ချိန်တွင် လမ်းကြောင်းရှင်းလင်းရေးကို ရေကြောင်းဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အခြားရေယာဉ်ငယ်များဖြတ်သန်းချိန်တွင် ဒလတံတားတည်ဆောက်ရေးလမ်းကြောင်းရှင်းလင်းရေးအဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ လမ်းကြောင်းရှင်းလင်းရေး ရေယာဉ်ငယ်ပေါ်တွင် ဆက်သွယ်ရေးစက်ထားရှိပြီး ချန်နယ် ၁၆ မှတစ်ဆင့် အခြားရေယာဉ်များနှင့် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေးဒလတံတားစီမံကိန်းကို ရန်ကုန်ဘက်အခြမ်း ဘုန်းကြီးလမ်းနှင့် ဒလဘက်အခြမ်း ဗိုလ်မင်းရောင်လမ်းတို့ကို ဖြတ်သန်းတည်ဆောက်လျက်ရှိရာ စီမံကိန်း၏ ရေပြင်ဆောက်လုပ်ရေးလုပ်ငန်းများကို ယခုနိုဝင်ဘာလမှ စတင်ဆောင်ရွက်လျက်ရှိပြီး တံတားစီမံကိန်းတစ်ခုလုံး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း၊ ကမ်းနားနှစ်ဖက်မှ ယာယီတံတားထိုး၍ တည်ဆောက်သွားမည်ဖြစ်ပြီး ရေယာဉ်များသွားလာနိုင်ရေးအတွက် ရေလမ်းကင်းလွတ်နယ်မြေ မီတာ ၃၀၀ ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

**ရာမည**

## နည်းပညာအသုံးပြုပြီး စီးပွားရေးအားကောင်းလာစေရန် ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**
ခေတ်မီဖွံ့ဖြိုးတိုးတက်ပြောင်းလာသည့် ICT နည်းပညာရပ်များကို အသုံးပြုပြီး ပြည်တွင်းစီးပွားရေးအားကောင်းလာစေရန် ရည်ရွယ်၍ ICT Talk ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

ဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park Conference Hall ၌ မွန်းလွဲ ၃ နာရီမှ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲတွင် ခေတ်မီနည်းပညာများကို အသုံးပြုပြီး စီးပွားရေးလုပ်ငန်း တိုးတက်အောင်မြင်လာစေရန် ရည်ရွယ်၍ ICT ပညာရှင်များနှင့် ခေတ်မီနည်းပညာများကို အသုံးပြုနေသည့် စီးပွားရေးလုပ်ငန်းရှင်များက အသိပညာမျှဝေဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဆွေးနွေးပွဲကရလာတဲ့ ရလဒ်တွေကနေ စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်လုပ်ဆောင်သွားနိုင်မှာဖြစ်သလို ကျောင်းသား ကျောင်းသူ လူငယ်တွေအနေနဲ့လည်း ရှေ့အနာဂတ်အတွက် ဘယ်လိုပညာရပ်တွေကို လေ့လာဖို့လိုမယ်၊ အဲဒီပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ်ဆိုတဲ့ အသိလေးတွေ ရသွားမယ်လို့ ယုံကြည်ပါတယ်"ဟု အသင်း၏ Public Relations Committee ဥက္ကဋ္ဌ ဦးမင်းကိုကိုက ပြောသည်။

ယင်းဆွေးနွေးပွဲတွင် နည်းပညာကို အသုံးပြုပြီး ရရှိလာမည့် အကျိုးကျေးဇူးများအပြင် တွေ့ကြုံလာမည့် စိန်ခေါ်မှုအခက်အခဲများကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ရာ ဆွေးနွေးပွဲ၏ ခေါင်းစဉ်မှာ "စီးပွားရေးစတုတ္ထလှိုင်း(Business 4.0: Innovate Your Business with Al, Blockchain, IoT & Big Data)"ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင် ဆွေးနွေးမည့်သူများမှာ Mandalay Technology ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးဇော်နိုင်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး၊ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ Trustlink ကုမ္ပဏီလီမိတက်၏ Technical ဒါရိုက်တာ ဦးငွေထွန်းနှင့် Thamardaw Health Market App ၏ Founder & CEO ဦးအောင်ကိုကိုသက်တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် MICT Park ရှိ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၌ ပြုလုပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲများကို လေးလတစ်ကြိမ် ကျင်းပလျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**



## အောင်လံမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**အောင်လံ နိုဝင်ဘာ ၂၈**
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ် သမဝါယမအသင်းစု လီမိတက် မိုးဆန်းပန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်နိုင်၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးဘိုအောင်၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်မြမြလွင်နှင့် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အမှာစကား ပြောကြားကြသည်။

အောင်လံမြို့နယ်သမဝါယမအသင်းလီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်း အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဒါရိုက်တာ အဖွဲ့ဝင် ဦးကျော်သူရက ဖတ်ကြားကြောင်း သိရသည်။

**ကျော်သက်အောင်**

## ပင်းတယမြို့နယ်၌ လူထုအခြေပြု ကတ္တရာလမ်းသစ်ဖွင့်

**ပင်းတယ နိုဝင်ဘာ ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကြေးတွင်းကုန်း ကျေးရွာအဝင်၌ ကျေးရွာလူထုအခြေပြု ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ယခုဖွင့်လှစ်သည့် ကျေးရွာလူထုအခြေပြု ကတ္တရာလမ်းသစ်အား ကြေးတွင်းကုန်းကျောင်းတိုက်ဆရာတော် ဦးဇောတိကအားအမှူးပြု၍ ဒေသဦးစီးအဖွဲ့က စက်ယန္တရားကူညီမှု၊ ဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းနှင့်ဇနီး ဒေါ်ခင်စန္ဒာစိုးမိသားစုတို့က အလှူငွေကျပ် သိန်း ၈၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကတ္တရာပီပါ အလုံး ၆၀၊ ကျေးလက်လမ်းဦးစီးဌာနမှ ငွေကျပ် ၆၅ ဒသမ ၇၄၁ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြေးတွင်းကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းချေးငွေမှ အတိုးရငွေကျပ်သိန်း ၉၀၊ ကျေးရွာနေပြည်သူများထည့်ဝင်ငွေကျပ် ၂၅ သိန်းနှင့် လုပ်အားဒါနများ စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကျော်အကုန်ကျခံကာ အရှည်နှစ်မိုင် အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မလမ်းဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ် (ပင်းတယ)**



နိုဝင်ဘာ ၂၇ ရက်က လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် အမက (၂၉)စာသင်ကျောင်းတွင် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပိတောက်ချောင်း နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ညီညီလွင်နှင့်အဖွဲ့က မူခင်းအသိပညာပေးဟောပြောရာ ကျောင်းအုပ်ဆရာကြီး ဦးမော်ကြီးနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

## စာဆိုတော်နေ့ အခမ်းအနားကျင်းပ

**ပန်းတောင်း နိုဝင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းမှ စာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ဥသျှစ်ပင်မြို့ စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ကျင်းပသည်။

မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဌေးဝင်း(မောင်တည်ခိုင်-ပန်းတောင်း)က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသော လှိုင်ကြည်ဦး(ထုံးဘို)၊ ဆရာမျိုး(ထုံးဘို)၊ မောင်လှကျော်(ပန်းတောင်း)တို့က ရှေးစာဆိုတော်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ဖတ်ကြားသည်။ ဆက်လက်၍ ခွန်နေဒူး(သနီမြေ)၊ နေဝန်းသစ်(ဆင်တဲ)၊ မောင်ငြိမ်းအေး (ထုံးဘို)၊ ယဉ်မင်း(ပန်းတောင်း)၊ သစ်ဇော်(ရွှေပင်မြေ)၊ရွှေတိုး(ထုံးဘို)တို့က ရသကဗျာများကိုဖတ်ကြားခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ဝန်းသိုမြို့၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းနှင့် အင်ဂျင်စက်ပြင်သင်တန်းဖွင့်လှစ်



**ဝန်းသို နိုဝင်ဘာ ၂၈**

ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ဝန်းသိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဒေါင်းမြူးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့က အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၃၄ ဦး တက်ရောက်မည်ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား စစ်မှန်သော ဆေးဝါးကုသခြင်းနှင့် ပြန်လည်ထူထောင်မှု ပြုလုပ်ပေးနိုင်ရန်နည်းလမ်းများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြုလုပ်ပေးနိုင်မည့်နည်းလမ်းများ၊ မူးယစ်ဆေးဝါးဥပဒေ၊ နည်းဥပဒေ၊ ကျန်းမာရေးဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်တန်းနည်းပြဆရာများက ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာ၌ ဖွင့်လှစ်လျက်ရှိသော ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းတွင် သင်တန်းသားများ ပြန်လည်ထူထောင်မှုခံယူနေစဉ်ကာလအတွင်း အသက်မွေးဝမ်းကျောင်းသင်တန်းအဖြစ် တစ်လုံးထိုးနှင့် လေးလုံးထိုး အင်ဂျင်စက်ပြင်သင်တန်း၊ ဆိုင်ကယ်ပြုပြင်ရေးသင်တန်းတို့ကိုလည်း သင်တန်းသား ၂၂ ဦးဖြင့် နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**

## သတင်းစုံကဏ္ဍ

### စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

**မိုးညှင်း။** ။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးရုံးအစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို ကျင်းပရာ စာရေးဆရာမ စောငယ်ငယ်(မိုးညှင်း) က စာဆိုတော်နေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ စာရေးဆရာဦးကျော်ကျော်ဝင်း (ကျော့ဝင်း-မိုးညှင်း)က မြန်မာစာပေနိဒါန်း၊ မိုးညှင်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဦး(သစ္စာ-မိုးညှင်း) က မာန်လည်ဆရာတော်အကြောင်း တစေ့တစောင်း ခေါင်းစဉ်တို့ဖြင့် ဟောပြောကြကြောင်း သိရသည်။ **နီတိုး**

### ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံပေး

**စလင်း။** ။မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိအသက်ကိုးလမှငါးနှစ်ထိ ကလေးများအား ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးများကို ကျန်းမာရေးဌာနမှ ကလေးများရှိရာနေရာများသို့ လာရောက်၍ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိသည်။

နိုဝင်ဘာ ၂၆ ရက်က စလင်းမြို့နယ် ကြိမ်မြောင်းရွာ ရွှေလေး မဲဒီးကုန်းမြောက်တောထန်းလေးပင်နှင့် နိုဝင်ဘာ ၂၇ ရက်တွင် မင်းကန်ရွာများသို့ သွားရောက်၍ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။ **စစ်ကြည်(စလင်း)**



နိုဝင်ဘာ ၂၈ ရက်က ဘီးလင်းမြို့နယ် ကင်းရွာ(အထက)၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်လေးနှင့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုနှင့် မှုခင်းကျဆင်းရေးအကြောင်း ဟောပြောစဉ်။ **နန္ဒကျော်စွာ**

## မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကြီးမြစ်ကြောင်းတွင် သောင်ထွန်း၍ ရေယာဉ်များ ရေတက်ချိန်စောင့်ဆိုင်းသွားလာနေရ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့မှ မြောင်းမြမြို့သို့ ရေကြောင်းခရီးသွားလာရာတွင် အဓိကကျသော တံခွန်တိုင်ကြီးမြစ်မှာ လွန်ခဲ့သောခြောက်လခန့်ကစ၍ ရေစီးလျော့နည်းလာပြီး ရေတိမ်သောင်ထွန်းမှုများ ဖြစ်ပေါ်လာသဖြင့် ရေယာဉ်ကြီးများနှင့် လိုင်းရေယာဉ်များသွားလာခုတ်မောင်း၍ မရတော့သဖြင့် ရေကျချိန်တွင် အနောက်ဘက်ရွာ တံခွန်တိုင်ကြီးကျေးရွာမှ အရှေ့ဘက်ရွာ နှီးတန်ကျေးရွာအထိသွားလာ၍ မရအောင်ရှိနေသည်။

ယင်းတံခွန်တိုင်ကြီး မြစ်ကြောင်းဖြတ်လမ်းမှ သွားလာလိုသော ရေယာဉ်ကြီးများနှင့် လိုင်းရေယာဉ်များသည် ရေတက်ချိန်ထိ ၄ နာရီခန့် စောင့်ဆိုင်းပြီးမှ တံခွန်တိုင်ကြီးမြစ်ကြောင်းကို ဖြတ်ကျော်ခုတ်မောင်းသွားလာ၍ရသဖြင့် ခရီးသွားလာမှုနှောင့်နှေးကြန့်ကြာမှုများ ရှိနေသည်။

အဆိုပါရေကျချိန်တွင် တံခွန်တိုင်ကြီးမြစ်ကြောင်းတွင် ရေတိမ်သောင်ထွန်းနေသဖြင့် ဖြတ်ကျော်ခုတ်မောင်း၍မရသောကျေးရွာများမှာ တံခွန်တိုင်ကြီး၊ ထီတိုလို၊တံခွန်တိုင်လေး၊ ငှက်တော်၊ ကညင်ချောင်းနှင့် နှီးတန်းကျေးရွာများအထိဖြစ်ပြီး မော်လမြိုင်ကျွန်းမြို့မှ ကျုံမငေး၊ ဝါးခယ်မ၊ မြောင်းမြနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်လိုပါက ရေတက်ချိန်စောင့်ဆိုင်းပြီး သရက်တောမြစ်ကြောင်းကိုပတ်၍ ခရီးသွားပြည်သူများသွားလာနေရသဖြင့် အချိန် ၁ နာရီကျော် ပိုမိုကြန့်ကြာနေကြောင်း သိရသည်။ **မော်ကျွန်း (မြင့်အောင်)**

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအခမ်းအနားကျင်းပ

**ပူတာအို နိုဝင်ဘာ ၂၈**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဓာတ်ပုံပြပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့နယ် ဖတ်မာဒါးကျေးရွာ ခရစ်တော်၏ အသင်းတော်ဘုရားကျောင်း၌ ကျင်းပသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က အခမ်းအနားကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုပေါ်ပေါက်လာပုံသမိုင်းအကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်က အမျိုးသမီးများအပေါ်တွင် အကြမ်းဖက်မှုလျော့နည်းအောင် ကာကွယ်ပေးနိုင်သည့် ဥပဒေများကို ပရိုဂျက်တာဖြင့် အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက ပူတာအိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် ဆောင်ရွက်နေသော မှတ်တမ်းဓာတ်ပုံများ၊ ဗီနိုင်းပိုစတာများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုများ ပြသထားသည်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**ဖုန်ကန်(ပူတာအို)**



နိုဝင်ဘာ ၂၇ ရက်တွင် သာယာဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း (သဲဖြူ) ၌ သာယာဝတီမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောစဉ်။ **မြင့်နိုင်**

**သစ်ပင်နည်းလာ တို့ကမ္ဘာ**
**လွှန်စွာပူအေး ဥတုဘေး**

## ကြက်သွန်နီ၊ ကြက်သွန်ဖြူအစားထိုး ခရမ်းချဉ်သီးဈေးနှုန်းမှာ ပုံမှန်ဈေးတွင်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကြက်သွန်နီ၊ ကြက်သွန်ဖြူအစားထိုး ခရမ်းချဉ်သီးဈေးနှုန်းမှာ ပုံမှန်ဈေးတွင်တည်ရှိလျက် ကျန်သောအခြေခံကုန်စိမ်းဈေးမှာလည်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်ဈေး မြင့်နေချိန်တွင် ခရမ်းချဉ်သီးကို ကြက်သွန်နီ၊ ကြက်သွန်ဖြူ အစားထိုးအဖြစ် အသုံးပြုလျက်ရှိသည်။

မြန်မာပြည်အောက်ပိုင်းသို့ အင်းလေးမှ ခရမ်းချဉ်သီးပုံမှန်ဝင်ရောက်လျက်ရှိပြီး မိုးညို၊ ခရမ်း၊ သုံးခွနှင့် မုံရွာမှ ဗမာသီးဟုခေါ်သော ကိုင်းသီးဝင်ရောက်လျက်ရှိကာ အင်းလေး ခရမ်းချဉ်သီးတစ်ပိဿာကျပ် ၂၀၀၀ နှင့် အနှစ်များသော ကိုင်းသီးတစ်ပိဿာကျပ် ၂၅၀၀ ဈေးဖြင့် ယမန်နှစ်ထက် ဈေးမြင့်လျက်ရှိသည်။

ယခုနှစ် ဆောင်းဦးသို့ဝင်ရောက်ခါစ ဟင်းသီးဟင်းရွက်လှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းတက်ခြင်း၊ ကျခြင်းမရှိဘဲ အများစုမှာ ပုံမှန်ဈေးနှုန်းအတိုင်းသာရှိသည်။

"ဆောင်းဝင်စချိန်မှ ဟင်းသီးဟင်းရွက်ဈေးက ပုံမှန်အတိုင်းပဲ။ ကုန်အဝင်နည်းရင်ဈေးမြင့်တက်တာပုံမှန်ပဲ"ဟု တည်းကုန်းဈေးမှ ခရမ်းချဉ်သီးလက်လီရောင်းသော ဒေါ်နွယ်နွယ်ဝင်းက ပြောသည်။

တည်းကုန်းကုန်ဈေးကြီးတွင်သီရိမင်္ဂလာဈေးထက် ဟင်းသီးဟင်းရွက်ဝင်ရောက်မှုများပြီး ၂၄ နာရီဖွင့်လှစ်ရောင်းချလျက်ရှိကာ ဟင်းသီးဟင်းရွက်ဈေးရုံနှင့် ကုန်ခြောက်ရုံတို့တွင် စည်ကားလျက်ရှိသည်။

**သစ္စာ**



## ပခုက္ကူဈေးကွက်သို့ ရေစကြိုမြို့နယ်ထွက် မိုးကြက်သွန်နီများ ဝင်ရောက်

**ပခုက္ကူ နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ရေစကြိုမြို့နယ်ထွက် မိုးကြက်သွန်အမြောက်အမြားဝင်လာနေပြီဖြစ်ကြောင်း ပခုက္ကူကြက်သွန်ပွဲရုံများမှ သိရသည်။

ဆောင်းကြက်သွန်နီဈေးကွက် ဈေးအမြင့်ဆုံးရောက်နေချိန် မိုးကြက်သွန်နီများ အများအပြားဝင်ရောက်လာခြင်းကြောင့် ဆောင်းကြက်သွန်နီ တစ်ပိဿာဈေးနှုန်း ကျပ် ၂၇၀၀ ဈေးသာရှိတော့ကြောင်း ပခုက္ကူကြက်သွန်နီပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

မိုးကြက်သွန်နီတစ်ပိဿာ ပေါ်ကာစ ကျပ်၂၁၀၀ ရှိရာမှ ငါးရက်အကြာတွင် တစ်ပိဿာ ကျပ်၁၇၀၀ သာရှိတော့ကြောင်းသိရကာ ရေစကြိုမြို့နယ်ထွက်ကြက်သွန်နီများ ပခုက္ကူဈေးကွက်သို့ တစ်ရက်လျှင် ပိဿာချိန်တစ်သောင်းကျော် ဝင်ရောက်လာနေကြောင်း မြနီလာပွဲရုံပိုင်ရှင် ဦးတင်ကိုက ပြောဆိုကြောင်း သိရသည်။

**ကိုထိန် (ငှါသရောက်)**

# ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၂၈**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစာရင်းစစ်/စာရင်းကောက်ဆင့်ပွား သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာရုံး၌ကျင်းပသည်။

ထားဝယ်ခရိုင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကြီးကို အောင်မြင်စွာ ကောက်ယူခဲ့ပြီးနောက် ၁၀ နှစ်တစ်ကြိမ်ကောက်ယူရမှာဖြစ်၍ ကြားကာလ ငါးနှစ်တာကာလဖြစ်သော ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်ကြောင်း၊ ယခု အသုံးပြုကောက်ယူမည့် နည်းစနစ်သည် ခေတ်ကာလနှင့်အညီ Mobile Tablet များဖြင့် ကောက်ယူရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ထားဝယ်ခရိုင် ဦးစီးမှူးဦးဆန်းအောင်က ထားဝယ်ခရိုင်အတွင်းမြို့နယ်များရှိ နမူနာကောက်ကွက် ၅၂ ကွက်တို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်သူ့အင်အားဦးစီးဌာနမှ သင်တန်းနည်းပြ ဒေါ်တင်တင်လှက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(Myanmar Sustainable Development Plan – MSDP)ကိုအကောင်အထည်ဖော်ရာတွင် လိုအပ်သော အညွှန်းကိန်းများရရှိနိုင်ရန်စသည့် ရည်ရွယ်ချက်ဖြင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။



သင်တန်းတွင် ထားဝယ်ခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသားသင်တန်းသူ ၃၅ ဦးအား နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**

# ရွှေသိမ်တော်ဘုရားပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူ

**ကန့်ဘလူ နိုဝင်ဘာ ၂၈**

ကန့်ဘလူမြို့ ရွှေသိမ်တော် စစ်ကိုင်းတိုင်း ဒေသကြီး ကျောင်းတိုက်တွင် (၅၇) ကြိမ်မြောက် ရွှေသိမ်တော်ဘုရားပွဲတော် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ပင့်သံဃာ ၃၀၀ တို့အား မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ၊ ကန့်ဘလူမြို့အနီးရှိ ကျေးရွာများမှ ပြည်သူများ စုပေါင်း၍ ဆွမ်းဆန်စိမ်းများ၊ ဝတ္ထုငွေများ စုပေါင်းလောင်းလှူကြကြောင်း သိရသည်။



**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လှိုင်းဘွဲ့မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**လှိုင်းဘွဲ့ နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာ ကွင်းအမှတ်(၁၅၄၅) တောင်သူ ဦးပေါ်လင်၏လယ်မြေ ၁၀ ဧက၌ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများပူးပေါင်း၍ မိုးစပါးဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းတွင် မိုးစပါး စံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် လယ်ကွင်းငယ်တစ်ကွက်လျှင် ကန့်လန့်ဖြတ် စံကွက်ငယ် သုံးကွက်၊ ကန်သင်းသုံးပေခွာပြီး ရိတ်သိမ်းကြရာ တစ်ဧက စပါးအထွက်နှုန်း ၈၇ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# လူစီးယာဉ်တင်သွင်းခွင့် တင်ပြသည့် ယာဉ်အစီးရေ ၁၄၀ ကျော်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက် ထုတ်ယူရန် YRTA သို့ လာရောက်တင်ပြထားသည့် အစီးရေ ၁၄၀ ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"ကျွန်တော်တို့ လက်ရှိအချိန်ထိ တင်ပြထားတာက ပထမ ၁၁၅ စီး အစိုးရအဖွဲ့ကို တင်ပြပြီးဖြစ်ပါတယ်၊ နောက်ထပ်မံပြီးတော့ ၂၆ စီး အပ်ချင်တယ်ဆိုတဲ့အတွက် ကျွန်တော်တို့က ထပ်မံပြီး တင်ပြထားပါတယ်၊ စုစုပေါင်း ၁၄၁ စီး တင်ပြထားပါတယ်"ဟု ဦးလှအောင်က ဆက်ပြောသည်။

လက်ရှိ YBS ယာဉ်များအတွင်းတွင် မြို့တော်အင်္ဂါရပ်နှင့် မညီသော စက်စွမ်းအားကျဆင်းပြီး ကြံ့ခိုင်မှုမရှိသည့်ယာဉ်များနှင့် လုပ်ငန်းမလည်ပတ်နိုင်သော ယာဉ်များဖြစ်သည့် ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများကို အပ်နှံပါက လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက်ရရှိရေး အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်ပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြမှုကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အပ်နှံခွင့်နှင့်ပတ်သက်၍လည်း ယာဉ်လိုင်းများကို အသိပေးပြီးဖြစ်ပြီး လက်ရှိ စာရင်းများအရ ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကား YBS အစီးရေမှာ ၇၀၀ ကျော်ရှိကြောင်း သိရသည်။

ထိုသို့ ဘတ်စ်ကားများ အပ်နှံ၍ လူစီးယာဉ်တင်သွင်းမည်ဆိုပါက ယင်းဘတ်စ်ကားရှိ သဘာဝဓာတ်ငွေ့(CNG)များကို ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအစိုးရအနေဖြင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုကို ၂၀၁၁ ခုနှစ်မှစ၍ အပ်နှံခွင့်ပြုထားသော်လည်း ယနေ့အချိန်ထိ ၁၉၉၉ ခုနှစ်ကားများသာ အပ်နှံခွင့်ရရှိသေးကြောင်း၊ ထိုသို့အပ်နှံရာတွင်လည်း ဘတ်စ်ကားအပ်နှံလျှင် ဘတ်စ်ကားတင်သွင်းခွင့်၊ ထရပ်ကားအပ်နှံလျှင် ထရပ်ကားတင်သွင်းခွင့်၊ လူစီးယာဉ်အပ်နှံလျှင် လူစီးယာဉ်တင်သွင်းခွင့် ပေးသည့်စနစ်ဖြင့် နှစ်၂၀ အခြေခံသည့်ယာဉ်များ ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

လမ်းမတော် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းဦး ဦးစီး၍ နိုဝင်ဘာ ၂၆ ရက်က လမ်းမတော် မြို့နယ် အထက ၂ ရှေ့တွင် မူခင်း အသိပညာပေး ပြခန်းယာဉ်ဖြင့် မူခင်း အသိပညာပေး ဆောင်ရွက်စဉ်။

**အောင်မြင့်
(ပြန်/ဆက်)**



# ရန်ကုန်၌ MINA (၁၀)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (HIV/AIDS) Myanmar Interfaith Network on AIDS (MINA)၏ (၁၀)နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Orchid House ခန်းမ၌ ကျင်းပသည်။

ဘာသာပေါင်းစုံမှ MINA နာယက၊ အကြံပေး ခေါင်းဆောင်များဖြစ်ကြသော ဘဒ္ဒန္တအရှင်စိန္တိတ (အာရှအလင်းရောင်ဆရာတော်)၊ သိက္ခာတော်ရဆရာဦးဇော်ဝင်းအောင် ဂိုဏ်းချုပ်ဆရာတော် MCUM၊ မော်လဝီဆရာတော် ဦးသန့်စင်မွန် ဓမ္မကထိကနှင့်စာရေးဆရာ၊ ဆရာတော် ဦးဆန်းမင်းနိုင် ဟိန္ဒူနယ်လှည့်ဓမ္မကထိက (အင်းစိန်) တို့က အဖွင့်ဆုတောင်းပေးကြပြီး MINA ဥက္ကဋ္ဌဆရာတော် ဦးအဂ္ဂဝံသနှင့် ဒေါက်တာတင်မောင်ဇော် (ရန်ကုန်တိုင်းဒေသကြီး ဆရာဝန်ကြီး၊ ခုခံကျကာလသားတိုက်ဖျက်ရေး) တို့က အဖွင့်အမှာစကားပြောကြားကြသည်။

HIV/AIDS update information၊ roles of religious leaders အကြောင်းကို ဒေါက်တာစိုးနိုင်၊ Alliance Myanmar, (၁၀)နှစ်တာအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား ပြန်လည်သုံးသပ်ခြင်းကို ဆရာမ မတင်တင်မာ၊ HIV/AIDS ကာကွယ်တားဆီးရေးအစီအစဉ်အကြောင်းကို ဆရာဦးဂျာနော် ညှိနှိုင်းရေးမှူး (MCC) (လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု)၊ အမျိုးသား ကျန်းမာရေးစီမံကိန်း ၂၀၁၇–၂၀၂၂ နှင့် CSO များ၏ အခန်းကဏ္ဍအကြောင်းကို ဆရာမ နေဇာဝင်း (CPI)၊ မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းကို ဆရာမတင်တင်မာတို့က အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက ၂၀၂၀–၂၀၂၄ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်မည့် MINA အလုပ်အမှုဆောင်အဖွဲ့အသစ်ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

■ **ဆီးဂိမ်းပြိုင်ပွဲမှ**

ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့အနေဖြင့် ထောက်လုပြိုင်ပွဲတွင် အမျိုးသား ထိုက်ချီချွမ်ပြိုင်ပွဲ၊ ထိုက်ချီကျန့်ပြိုင်ပွဲ၊ ချန်းချွမ်ပြိုင်ပွဲ၊ တောင်းစု+ကွန့်စုပြိုင်ပွဲ၊ သုံးယောက်တွဲ အတိုက်ပြိုင်ပွဲ၊ နန်းချွမ် ပြိုင်ပွဲ၊ နန်းတောင်း + နန်းကွန့်ပြိုင်ပွဲ၊ အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲ၊ ထိုက်ချီကျန့်ပြိုင်ပွဲ၊ ဆန်းဆိုပြိုင်ပွဲတွင် အမျိုးသား (၆၅၊ ၆၀၊ ၅၆၊ ၅၂၊ ၄၈) ကီလိုတန်း၊ အမျိုးသမီး (၆၅၊ ၄၈) ကီလိုတန်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



၂၀၁၇ ဆီးဂိမ်း ရွှေတံဆိပ်ဆုရှင် သိန်းသန်းဦး

ပြိုင်ပွဲဝင်မည့် မြန်မာဝူရှူးအဖွဲ့တွင် ထောက်လုအမျိုးသား–ငြိမ်းချမ်းကိုကို၊ သိန်းသန်းဦး၊ မျိုးမင်းကြီး၊ မင်းခန့်ဇော်၊ အမျိုးသမီး–မြတ်နိုးအိမ်၊ ဆန်းဆိုအမျိုးသား–ချစ်ကိုကို၊ ကျော်ကျော်၊ သိန်းထိုက်၊ ကျော်ဇင်ဝင်း၊ အောင်မျိုးထွန်း၊ အမျိုးသမီး–စုလှိုင်ဦး၊ ချယ်ရီသန်းတို့ ပါဝင်ကြသည်။ ငြိမ်းချမ်းကိုကိုသည် ကစားသမားဘဝမှ အနားယူပြီးမှ ပြန်လည်ကစားခြင်းဖြစ်သော်လည်း မြန်မာဝူရှူးအဖွဲ့၏ အဓိကကစားသမားများဖြစ်သည့် စန္ဒီဦးနှင့် အေးသစ္စာမြင့်တို့၏ ပွဲစဉ်များမှာ ယခုပြိုင်ပွဲတွင် ပါဝင်လာခြင်းမရှိ၍ နစ်နာခဲ့ရသည်။

မြန်မာဝူရှူးအဖွဲ့သည် ၂၀၀၁ ခုနှစ်မှစတင်ကာအကြိမ်တိုင်းနီးပါး ရွှေတံဆိပ်ရယူနိုင်ခဲ့ပြီး ၂၀၁၇ ပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည့် ကစားသမားများအနက် သိန်းသန်းဦး ပြန်လည်ပါဝင်လာသည်။ **သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–စိုးညွန့်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ကဝ နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို ကဝမြို့နယ် အဒူးကျေးရွာအုပ်စု ဇွပ္ပရားစုကျေးရွာ၌ နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဇင်ဦးက စီမံကိန်းနှင့် ကော်မတီဖွဲ့စည်းခြင်းအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

❖ မြန်မာ ယူ-၂၂ အသင်းမှ လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် မလေးရှားနှင့် တစ်ဂိုးစီသရေကျပြီး အုပ်စုဒုတိယပွဲတွင် ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် တီမောလက်စ်တေနှင့်ပွဲအပြီးတွင် ကမ္ဘောဒီးယားနှင့် ဆက်လက်ကစားရမည် ဖြစ်ရာ လက်ကျန်ပွဲများမှာ အရေးပါနေခြင်းဖြစ်သည်။ တီမောလက်စ်တေအသင်းမှာမူ အုပ်စုဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားရခြင်းဖြစ်ပြီး ပထမပွဲတွင် ကမ္ဘောဒီးယားကို ငါးဂိုးပြတ်အရေးနိမ့်ထားရာ မြန်မာအသင်းအနေဖြင့် အနိုင်ရလဒ်အပြင် ဂိုးပြတ်အနိုင်ရရန်ပါ ကြိုးစားရမည်ဖြစ်သည်။

